ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်၊ အင်္ဂါနေ့၊ (1-6-2004) (၄၂၅၁)

ဗြဟ္မစရိယဥ္စ
တော် မင်္ဂလ မုတ္တမံ

မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်
ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနား တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၃၁

"၂၀၀၄ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့"အခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲ တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ အမျိုးသား ကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ အမျိုးသားဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးရုံကြီးများနှင့် တပ်မတော်ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်ကြီးများ၊ သူနာပြု ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▲

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ ၂၀၀၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားအပြီးတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန ဧည့်ကြိုဆောင်၌ ခင်းကျင်းပြသထားသည့် ၂၀၀၄ခုနှစ် ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ အထိမ်းအမှတ် ကျန်းမာရေးပညာပေး ပြခန်းများကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၃၁

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အနော်ရထာရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❐

ဆွေးနွေးမှာကြား

အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ The Mirror
၁-၆-၂၀၀၄
(အင်္ဂါနေ့)

မြို့နယ်ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး စေတနာအပြည့်အဝထား၍ ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေး စီမံကိန်းကြီးများဖြင့် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။ ပြည်နယ်နှင့်တိုင်းများ၊ နယ်စပ်ဒေသအစွန်အဖျားနှင့် အတွင်းပိုင်းဒေသများ၊ မြို့ပြနှင့်ကျေးလက်၊ တောင်ပေါ်မြေပြန့်ဒေသများအားလုံးတွင် စီးပွားရေး၊ လူမှုရေးအခြေခံအဆောက်အအုံ များစွာကို ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များသည် ပြည်နယ်နှင့်တိုင်း ဒေသအနှံ့သို့သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် မေလ ၂၉ ရက်နေ့က ပဲခူးတိုင်း သဲကုန်းမြို့နယ် ဆင်မီးဆွဲမြို့သို့သွားရောက်၍ အခြေခံပညာအထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ အင်းမတိုက်နယ်ဆေးရုံနှင့် သဲကုန်း-ပုတီးကုန်း-ဝက်ပုတ် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆင်မီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် လျှပ်စစ်မီးစက်၊ ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံနှင့် သဲကုန်း၊ ပုတီးကုန်း၊ အင်းမ၊ ဝက်ပုတ် အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို ဖြည့်ဆည်းပေးခဲ့သည်။ ထို့အပြင် ဆင်မီးဆွဲမြို့ တိုက်နယ်ဆေးရုံအတွက် အောက်စီဂျင်စက်ကို ဖြည့်ဆည်းပေးအပ်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ခရီးစဉ်အတွင်း သဲကုန်းမြို့နယ်ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံရာတွင် **ဒေသဖွံ့ဖြိုးရေး၊ မြို့နယ်တစ်ခုဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အဓိကဖြစ်သည်နှင့်အညီ နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ငွေကြေးများစွာသုံးစွဲလျက်ရှိနေကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်ကလည်း မိမိတို့မြို့နယ်ဒေသများ တိုးတက်သည်ထက် တိုးတက်လာအောင် ရေရှည်မျှော်မှန်း တွေးတောကြံဆပြီး စေတနာထားကြိုးပမ်းဆောင်ရွက်သွားကြရန်** မှာကြားသွားသည်။

သဲကုန်းမြို့နယ် ဆင်မီးဆွဲမြို့သည် မြို့ငယ်တစ်ခုပင်ဖြစ်သော်လည်း မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ စာပေ၊ ယဉ်ကျေးမှုနှင့် အနုပညာသမိုင်းတို့တွင် ထူးခြားသည့်အစဉ်အလာကောင်းများ ဖြစ်ထွန်းခဲ့သည့် မြို့တစ်မြို့ဖြစ်သည်။

ကျောင်းအကျိုးတော်ဆောင်များ၊ ဒေသဆိုင်ရာများ၏ တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် ဆင်မီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်း၏ မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို မေလ ၂၉ ရက်နေ့ကကျင်းပခဲ့ရာ ကျောင်းသူ၊ ကျောင်းသားများက မိမိတို့၏ သင်ကြားတတ်မြောက်မှု စွမ်းရည်များကို ပြသခဲ့ကြသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်။

မြို့နယ်တစ်ခု ဖွံ့ဖြိုးတိုးတက်ရေးသည် အဆိုပါမြို့နယ်ကို ကျောထောက်နောက်ခံပြုလျက်ရှိသော ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်လျက်ရှိသည်။ တစ်နည်းအားဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှသာ မြို့နယ်များလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိသည့် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများတွင် ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်စီမံကိန်းကို တစ်နိုင်ငံလုံး၌ ဖြန့်ကြက် ဆောင်ရွက်လျက်ရှိခြင်းဖြစ်သည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ မြို့နယ်တာဝန်ခံများအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားစေရေးအတွက် လိုအပ်ချက်များကို မပြတ်လေ့လာဖြည့်ဆည်းပေးရင်း မိမိတို့မြို့ရွာဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး မျှော်မှန်း၍ စေတနာအပြည့်အဝထားပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာကိုယ်စားလှယ်အဖွဲ့ ဂျီနီဗာမှပြန်လည်ရောက်ရှိ ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးကော်မတီအစည်းအဝေးတက်ရောက်ခဲ့

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပခဲ့သည့် ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ၏(၃၆)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)ဌာနေကိုယ်စားလှယ်Ms. Carroll C-Long၊ကိုယ်စားလှယ် အဖွဲ့ဝင်များ၏မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညို၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာဒေါ်ခင်အေးဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲမှူးကြီးစစ်အေး၊ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစံရွှေဝင်း၊ ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးမြင့်၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်လေးတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ကျင်းပခဲ့သည့် ကုလသမဂ္ဂကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ၏ (၃၆)ကြိမ်မြောက် အစည်းအဝေးတက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွေးနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ရှင်သာမဏေဓမ္မဗိမာန် သမထဝိပဿနာသင်တန်း

ရန်ကုန် မေ ၃၁

ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အာဇာနည်လမ်း ရှင်သာမဏေ ဓမ္မဗိမာန်တွင် ခုနစ်ရက်စခန်း သမထဝိပဿနာသင်တန်းကို လစဉ်ကျင်းပလျက်ရှိရာ လာမည့်သင်တန်းပတ်ကို ဇွန် ၈ရက် ညနေ ၅နာရီမှ ၆နာရီခွဲထိ ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းကို အနာဂါမ်ဆရာသက်ကြီးနည်းအရ ဒလအံ့ကြီးလယ်တီမူ ဓမ္မရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး ဦးသန်းရွှေက ဦးဆောင်ပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက် အားထုတ်နိုင်ကြောင်း နှိုးဆော်ထားသည်။ (က-ပ)

မြို့တော်မိုး ရွာရန်ရာနှုန်း(၈၀)

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀)ဖြစ်သည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုံတင်ဆဲရုပ်ရှင်ဇာတ်ကားပြသ

ရန်ကုန် မေ ၃၁

အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ်ည ၇နာရီမှစတင်၍ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာကြည်စိုးထွန်းရိုက်ကူးပြီး ရုပ်ရှင်သရုပ်ဆောင် ရန်အောင်၊ ကျော်ရဲအောင်၊ မျိုးသန္တာထွန်း၊ ခိုင်နှင်းဝေတို့ ခေါင်းဆောင်ပါဝင်သည့် "ပေးဆပ်သူတို့နှလုံးသား"ရုံတင်ပြသဆဲဇာတ်ကားဖြင့် ဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၆-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန် ဂီတသံ
၄:၂၅	၅။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** - Economic Resource Development in Myanmar (ပြည်သူ့ရေးရာ-ပထမနှစ်)
၅:၃၀	၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ မြန်မာ့ရှုခင်း
၆:၄၅	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း လက်ကိုင်အိတ်ဒီဇိုင်းအဆန်းနဲ့ အရမ်းကိုလှ (အပိုင်း-၇)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အမှန်တရားဘက်ကလှုပ်ရှားစားသမား (အပိုင်း-၆)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ

ကြေးကြော်သံများ ဟစ်ကြွေး

မေ ၂၅ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်သံများ ဟစ်ကြွေးနေသည့် အီရတ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



နာဂျက်ဖ်တွင် ရှီးယိုက်တို့နှင့် ကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုဖြစ်ပွား အန်ဘာပြည်နယ်တွင် တိုက်ပွဲဖြစ်ပွားပြီး ကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ကူဖာ(အီရတ်) မေ ၃၀

အီရတ်နိုင်ငံနာဂျက်ဖ်မြို့တွင် အပစ်အခတ်ရပ်စဲရေးကို မလိုက်နာဘဲရှိသဖြင့် ခေါင်းဆောင် မူဒါအယ်လ်ဆာဒါကို နာဂျက်ဖ်မြို့ အုပ်ချုပ်ရေးမှူးအသစ်က ပြစ်တင်ပြောကြားလိုက်သည်။ ပြီးခဲ့သော စနေနေ့က ရှီးယိုက်များနှင့် အမေရိကန်များ ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အမေရိကန်မရိန်းတပ်ဖွဲ့ဝင် သေဆုံးသွားသည်ဖြစ်၍ ယခုအခါ အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် အသေအပျောက်ဦးရေမှာ ၈၀၀ ကျော် သွားပြီဖြစ်သည်။

ကူဖာတွင် ပစ်ခတ်ကြရာ၌လည်း ရဲတစ်ဦးသေဆုံးသွားပြီး အခြားတစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ဆာဒါ၏ သစ္စာခံ တိုက်ခိုက်ရေးသမားများက ဆိုသည်။ အီရတ်သုံးဦးလည်း ဒဏ်ရာရရှိကြောင်း ဆေးရုံအရာရှိများထံမှ သိရသော်လည်း အမေရိကန် အသေအပျောက်ဦးရေကိုမူ မသိရပေ။

ဆာဒါ၏ဘက်မှ တစ်စုံတစ်ရာ အပြုသဘောဆောင်သော အရေးယူဆောင်ရွက်မှုမတွေ့ရကြောင်း၊ လမ်းများပေါ်တွင် လက်နက်ကိုင်များ တိုးလာပြီး အစိုးရဝန်ထမ်းများကို ကူဖာမြို့၌ တိုက်ခိုက်လာခဲ့ကြကြောင်း ၎င်းက ပြောကြားသည်။ ခုခံရေးသမားများသည် ကူဖာမြို့သို့ ချဉ်းကပ်လာကြသော အမေရိကန် တပ်ဖွဲ့ဝင်များကို ချေမှုန်းရေး ရိုင်ဖယ်များ၊ လောင်ချာများနှင့် ပစ်ခတ်တိုက်ခိုက်ကြသည်။

အမေရိကန်များက စတင်ပစ်ခတ်သည်ဟု ခုခံရေးသမားများက စွပ်စွဲကြသည်။ အပေါင်းပါတပ်ဖွဲ့က လောင်ချာဖြင့် အပစ်ခံရသည့်အတွက် ပြန်လည်ပစ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း ပြောကြားကြသည်။ မည်သည့်ဘက်ကမှ အထိအခိုက်စာရင်းကို ကြေညာခဲ့ခြင်းမရှိကြောင်း သိရသည်။

အမေရိကန်တို့သည် ဘဂ္ဂဒက်အနောက်ပိုင်းနှင့် မြို့တွင်းဒေသများ၌ ဆွန်နီခုခံရေးသမားများကို တိုက်ခိုက်နေခဲ့ရာမှ ယခုအခါ ရှီးယိုက်များနှင့်ပါ တိုက်ခိုက်လာခြင်းပင် ဖြစ်သည်။ အမေရိကန်များအတွက် ဒုတိယစစ်မျက်နှာကို အယ်လ်ဆာဒါ၏ ရှီးယိုက်ခုခံရေးသမားများက လွန်ခဲ့သောလပိုင်းမှ စတင်၍ ဖွင့်လှစ်လိုက်ခြင်းဖြစ်၏။

အန်ဘာပြည်နယ်တွင် တိုက်ပွဲဖြစ်ပွားသည့်အတွက် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ရသည်။ ၎င်းတို့သေဆုံးရသောနေရာမှာ ဘဂ္ဂဒက်အနောက်ဘက်ရှိ ဆီးရီးယားနှင့် ဂျော်ဒန်တို့နှင့် တစ်ဆက်တစ်စပ်တည်းတည်ရှိနေသော နယ်မြေတွင်ဖြစ်၏။

အမေရိကန်စစ်ဘက်က အဆိုပါ ကိစ္စနှင့် ပတ်သက်၍ တစ်စုံတစ်ရာ အသေးစိတ် ထုတ်ပြန်ခြင်းမရှိပေ။

စနေနေ့က အမေရိကန်စစ်ဘက်၏ ထုတ်ပြန်ချက်တွင် အခြားသော အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးလည်း သေဆုံးရကြောင်း ဖော်ပြထားသည်။ တစ်ဦးမှာ စထရိုက်ကာတပ်မဟာမှ ဖြစ်ပြီး အခြားတစ်ဦးမှာ အမှတ် ၈၀ တိုက်ခိုက်ရေး တပ်မဟာမှဖြစ်သည်။ တပ်ဖွဲ့ဝင်ကိုးဦးတို့မှာ စိန်ပြောင်းဖြင့် တိုက်ခိုက်ခံရ၍ ဒဏ်ရာရသွားကြသည်။ အထက်ပါ အကျအဆုံးများပါပေါင်း၍ တွက်မည် ဆိုပါက စစ်ပွဲစသည့် ရက်မှယနေ့အထိ အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးမှုစုစုပေါင်းမှာ အနည်းဆုံး ၈၀၃ ဦးရှိသွားပြီဟု ဆိုသည်။

ပေါက်ကွဲသံများကို ကူဖာမြို့လယ်မှ ပင်ကြားကြရသည်။ ခုခံရေးသမားများသည် စစ်ဆေးရေးဂိတ်များတွင် နေရာယူထားကြသည်။ ဂိတ်တစ်နေရာတွင် လက်နက်ကိုင် တိုက်ပွဲဝင်ရေးကို ထောက်ခံသည်ဟူသော စာတန်းရေးထားသည်ကို ဖတ်ရှုကြရသည်။

ကူဖာမြို့ရှိ ဖုရက်အယ်လ် ဂေါဆတ်ဆေးရုံတွင် အသက် ၂၂ နှစ်အရွယ်ရှိ အလီမူဆာသည် ဗုံးဆန်မှန်၍ ဒဏ်ရာဖြင့် ဆေးရုံတက်နေရသည်။ ၎င်း၏ ဦးခေါင်းကို ပတ်တီးစည်းထားရပြီး ဝတ်ဆင်ထားသော တီရှပ်၌ သွေးများဖြင့် ချင်းချင်းနီနေသည်။ မူဆာမှာ အယ်လ်မာဒီတပ်ဖွဲ့ဝင်ဟုတ်၊ မဟုတ် ပြောကြားခြင်းမရှိဟု ဆိုသည်။

ကြာသပတေးနေ့က အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့ပြီး အယ်လ်ဆာဒါ၏ ခုခံရေးသမားများ လမ်းများပေါ်မှ ထွက်ခွာသွားကြသည်ဟု သိရသည်။ နိုင်ငံရေးတွင် တာဝန်ရှိသူများနှင့် ခေါင်းဆောင်များသည် အယ်လ်မာဒီတပ်ဖွဲ့၏ အနာဂတ်အရေးကိုလည်း ဆွေးနွေးကြကြောင်းလည်း ဖော်ပြထားခဲ့သည်။ ထို့အပြင် အယ်လ်ဆာဒါကို ဖမ်းဆီးရန် ထုတ်ထားသောဝါရမ်းကိစ္စကိုလည်း ဆွေးနွေးကြရန်လည်း တောင်းဆိုထားသည်။

အီရတ်ရှိ အမေရိကန်တပ်များ၏ ထိပ်တန်းအကြီးအကဲဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီး ဆန်ချေ့စ်က အမေရိကန်တပ်ဖွဲ့များသည် အယ်လ်ဆာဒါကို ဖမ်းဆီးမည် သို့မဟုတ် အသေသတ်မည်ဖြစ်ကြောင်း ကတိစကားဆိုထားပြီးဖြစ်သည်။ ၎င်း၏ မာဒီတပ်ဖွဲ့ကိုလည်း အဆုံးသတ်ပစ်မည်ဟု ကြိမ်းဝါးထားသည်။ မာဒီတပ်ဖွဲ့များက အပေါင်းပါတပ်ဖွဲ့များကို ရင်ဆိုင်စိန်ခေါ်နေကြပြီး ဝါရှင်တန်က မြှောက်စားထားသော ရှီးယိုက်ခေါင်းဆောင်များကို ဒုက္ခပေးမည်ဖြစ်ကြောင်း အသိပေးထားပြီးဖြစ်သည်။

နိုင်ငံရေးသမားများနှင့် ဘာသာရေးခေါင်းဆောင်များအကြား ရရှိထားသော သဘောတူညီချက်တွင် အီရတ်တို့လက်သို့ အချုပ်အခြာအာဏာမလွှဲမီ ဇွန် ၃၀ ရက်အထိ အယ်လ်ဆာဒါကို ဖမ်းဆီးတရားစွဲမည် မဟုတ်သည့်အပြင် မာဒီတပ်ဖွဲ့ဖျက်သိမ်းရေးကိုလည်း ဆောင်ရွက်မည်မဟုတ်ကြောင်း နားလည်မှုရရှိထားဟန်ရှိသည်ဟု ဆိုသည်။

ထိုအတောအတွင်း ဖော်လူဂျာမြို့တွင်လည်း ပေါက်ကွဲမှုကြီးတစ်ခုဖြစ်ပွားသွားသည်ကို တစ်မြို့လုံးကြားလိုက်ရသည်။ ထိုပေါက်ကွဲမှုမှာ အမေရိကန်ဟမ်ဗီးစစ်ယာဉ်လမ်းဘေးထောင်ဗုံးထိမှန်သွားခြင်းဖြစ်ကြောင်း ဆဖာဘာဆမ်က ပြောကြားခဲ့သည်။ ၎င်းမှာ အသက် ၂၅ နှစ်ရှိ ဖော်လူဂျာမြို့သားတစ်ဦးဖြစ်သည်။ ဖော်လူဂျာမြို့သည် အမေရိကန်များကို အဓိကဆန့်ကျင်နေကြသော ဆွန်နီမြို့တစ်မြို့ဖြစ်သည်။ ***အင်တာနက်။***

ဂျပန်သတင်းစာဆရာနှစ်ဦး အီရတ်နိုင်ငံ၌ သေဆုံးမှု ဂျပန်အစိုးရအတွက် နိုင်ငံရေးအကျပ်အတည်း ပိုမိုဖြစ်စေနိုင်

တိုကျို မေ ၂၉

အီရတ်နိုင်ငံ၌ ဂျပန်သတင်းစာဆရာနှစ်ဦး သေဆုံးမှုသည် ဂျပန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံသို့ စေလွှတ်မှုအပေါ် ဂျပန်ပြည်သူတို့၏ သဘောထားကွဲလွဲမှုကို ပိုမိုနက်ရှိုင်းစေနိုင်ပြီး ဇူလိုင်လ၌ ရွေးကောက်ပွဲမကျင်းပမီ ဂျပန်အစိုးရအတွက် နိုင်ငံရေးအကျပ်အတည်းဖြစ်စေနိုင်ကြောင်း အကဲခတ်သမားများက သောကြာနေ့တွင် ပြောကြားသည်။

သို့ရာတွင် အဆိုပါ သတင်းစာဆရာနှစ်ဦးမှာ ၎င်းတို့၏ ဆန္ဒအလျောက် အီရတ်နိုင်ငံသို့ သွားရောက်ခြင်းဖြစ်သည့်အတွက် ယင်းဖြစ်ရပ်ကြောင့် ဂျပန်ဝန်ကြီးချုပ် ဇွန်နီချီရောကိုအိဇုမိအား ဂျပန်ပြည်သူတို့၏ ထောက်ခံအားပေးမှုကို ထိခိုက်နိုင်ဖွယ်မရှိကြောင်း အကဲခတ်သမားအချို့က ခန့်မှန်းပြောကြားသည်။

အဆိုပါ ဂျပန်သတင်းစာဆရာနှစ်ဦးစလုံးမှာ ဘဂ္ဂဒက်မြို့တောင်ဘက်တွင် ၎င်းတို့ စီးနင်းလိုက်ပါလာသည့်ယာဉ်ကို ဒုံးပစ်လောင်ချာဖြင့် တိုက်ခိုက်ရာတွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဂျပန်သတင်းစာဆရာနှစ်ဦး လိုက်ပါသည့်ကားကိုမောင်းသူ အီရတ်နိုင်ငံသား ဒရိုင်ဘာက ပြောကြားသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် အတည်မပြုရသေးသည့် အဆိုပါဂျပန်နိုင်ငံသားနှစ်ဦး သေဆုံးမှုသည် လွန်ခဲ့သည့်နှစ်က အမေရိကန်ဦးဆောင်၍ ကျူးကျော်ဝင်ရောက်ခဲ့ချိန်နောက်ပိုင်း အီရတ်၌ သေဆုံးခဲ့ရသည့် တတိယမြောက်နှင့် စတုတ္ထမြောက်သေဆုံးသော ဂျပန်နိုင်ငံသားများဖြစ်မည်ဖြစ်ပြီး အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် ဂျပန်တပ်ဖွဲ့ဝင်များကို ကိုအိဇုမိက စေလွှတ်ခဲ့ချိန် နောက်ပိုင်း ပထမဆုံး သတ်ဖြတ်ခံရမှုဖြစ်သည်။

ပြီးခဲ့သည့် နိုဝင်ဘာလကလည်း ဆက်ဒမ်ဟူစိန်၏ မွေးရာဇာတိ တီကရစ်မြို့တွင် ဂျပန်နိုင်ငံသားနှစ်ဦး စီးနင်းလိုက်ပါလာသည့်ကား တိုက်ခိုက်ခံရသည့်အတွက် ၎င်းတို့နှစ်ဦး သေဆုံးခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

စောင့်ကြပ်

မေ ၂၆ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် လမ်းဘေးဗုံးပေါက်ကွဲပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တရုတ်–မလေးရှား သံတမန်ထူထောင်မှု အနှစ်(၃၀)ပြည့်နေ့ ကျင်းပ

ပေကျင်း မေ ၃၀

တရုတ်ပြည်နှင့် မလေးရှားနိုင်ငံတို့၏ သံတမန်ဆက်ဆံရေးထူထောင်သည့် အနှစ် (၃၀)မြောက် အထိမ်းအမှတ်အဖြစ် ညှော်ခံပွဲကို တရုတ်ပြည် ပေကျင်းမြို့တော်၌ စနေနေ့က ကျင်းပသည်။

ယင်းညှော်ခံပွဲသို့ တရုတ် ဒုတိယဝန်ကြီးချုပ် ဟွန်ဂျူနှင့် တရုတ်ပြည်သို့ အလည်အပတ် ရောက်ရှိနေသည့် မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက် ဘာဒါဝီတို့လည်း တက်ရောက်ကြသည်။

တရုတ်ပြည်နှင့် မလေးရှားတို့သည် အိမ်နီးချင်းကောင်း နိုင်ငံများဖြစ်ကြကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် နိုင်ငံရေးအပြန်အလှန် ယုံကြည်မှုတို့သည် လွန်ခဲ့သည့် အနှစ်(၃၀)အတွင်း ဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် နယ်ပယ်အသီးသီးတွင် အောင်မြင်မှု သိသိသာသာရရှိထားကြောင်း တရုတ်ဒုတိယဝန်ကြီးချုပ် ဟွန်က ပြောကြားသည်။

မလေးရှားနှင့် တရုတ်ပြည်တို့သည် သံတမန်ဆက်ဆံရေး ထူထောင်ချိန်နောက်ပိုင်း နှစ်နိုင်ငံဆက်ဆံရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး အပြန်အလှန်အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုသည်လည်း မြင့်မားတိုးတက်ခဲ့ကြောင်း ဘာဒါဝီက ပြောကြားသည်။

မလေးရှားနိုင်ငံသည် တရုတ်ပြည်အား အရေးပါသည့် မိတ်ဖက်အဖြစ်မှတ်ယူကြောင်းဖြင့် စိုက်ပျိုးရေး၊ သတင်းအချက်အလက် နည်းပညာနှင့် ပညာရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုတို့ကို မြှင့်တင်နိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ သတင်းများ

ဂွာတာနာမိုစခန်းမှ စစ်ကြောရေး ကျွမ်းကျင်သူများအား အီရတ်နိုင်ငံသို့ ရက်ပေါင်း ၉၀ ကြာခရီးအဖြစ် စေလွှတ်ခဲ့

နယူးယောက် မေ ၂၀

ဂွာတာနာမိုရေတပ်အခြေစိုက်စခန်းမှ စစ်ကြောရေး ကျွမ်းကျင်သူများ အဖွဲ့အား အီရတ်နိုင်ငံသို့ လွန်ခဲ့သည့်ဆောင်းဦးရာသီက စေလွှတ်ခဲ့ပြီး ၎င်းတို့သည် အဘူဂါရိပ်အကျဉ်းထောင်ရှိ အမေရိကန်ထောက်လှမ်းရေးအဖွဲ့များကို လေ့ကျင့်သင်တန်းပေးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း နယူးယောက်တိုင်းမ်သတင်းစာက စနေနေ့တွင် ရေးသားလိုက်သည်။

ဂွာတာနာမိုစခန်းမှ အဆိုပါအဖွဲ့သည် အမေရိကန်၏ အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲ ဆင်နွှဲရာတွင် ဖမ်းဆီးမိခဲ့သည့် ရန်သူတိုက်ခိုက်ရေးသမားများအား မေးမြန်းရာတွင် ကျယ်ကျယ်ပြန့်ပြန့် လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်ရရှိပြီး တာဝန်ထမ်းဆောင်ခဲ့ကြကာ အဘူဂါရိပ်ထောင်တွင် နှိပ်စက်ညှဉ်းပန်းမှုများ အဆိုးရွားဆုံးဖြစ်ပွားနေချိန် ဒီဇင်ဘာလအထိ ယင်းထောင်တွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားခဲ့သည်ဟု စစ်ဘက်ထောက်လှမ်းရေး တာဝန်ရှိပုဂ္ဂိုလ်များအား ကိုးကား၍ အဆိုပါသတင်းစာက ရေးသားသည်။

ရက်၉၀ကြာခရီး

အဆိုပါအဖွဲ့များအား ဂွာတာနာမို ထိန်းသိမ်းရေးစခန်းအကြီးအကဲဖြစ်သည့် ဗိုလ်ချုပ်ဂျော့ဂျ်ဖေးမိုင်လာ၏ အစီအစဉ်ဖြင့် အီရတ်နိုင်ငံသို့ ရက် ၉၀ကြာ ခရီးအဖြစ် စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းစာကရေးသားထားသည်။

ထောက်လှမ်းရေးနှင့် ပတ်သက်သည့် သတင်းများစုဆောင်းရေးနှင့် အီရတ်ရှိ ဖမ်းဆီးထိန်းသိမ်းရေး လုပ်ငန်းဆောင်တာများ တိုးတက်မှုရရှိရေး ကူညီနိုင်ရန်အတွက် အဘူဂါရိပ်အကျဉ်းထောင် အကြီးအကဲသစ်အဖြစ် ခန့်အပ်ခံထားရသည့် မိုင်လာကို အီရတ်နိုင်ငံသို့ လွန်ခဲ့သော နွေရာသီက စေလွှတ်ခဲ့ခြင်းဖြစ်သည်ဟု ကာကွယ်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားကြောင်း အဆိုပါသတင်းစာက ဆက်လက်ဖော်ပြသည်။

ရေးသားပြုစု

နှိပ်စက်ညှဉ်းပန်းမှုကိစ္စတွင် ဂွာတာနာမိုစခန်းမှ အဖွဲ့ဝင်များ ပါဝင်ပတ်သက်မှုရှိသည်ဟု ယခင်က ထုတ်ဖော်ပြောကြားခြင်း မရှိကြောင်း ယင်းသတင်းစာကရေးသားပြီး စစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေး ကျွမ်းကျင်သူများ၏ နှိပ်စက်ညှဉ်းပန်းဆိုင်ရာ အစီရင်ခံစာတွင် ဂွာတာနာမိုစခန်းမှ အဖွဲ့များ၏ လုပ်ဆောင်ချက်များ ပါဝင်လာတော့မည်ဖြစ်ကြောင်း အမေရိကန်ထောက်လှမ်းရေး တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ယင်းအစီရင်ခံစာကို ဗိုလ်ချုပ်ဂျော့ဂျ်ဖေးက အပြီးသတ်ရေးသားပြုစုပြီးပြီဟု ဆိုသည်။

ဆုံးဖြတ်မည်

ဂွာတာနာမိုနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် မေးခွန်းမေးမြန်းသူများက အသုံးပြုခဲ့ကြသည့် နည်းဗျူဟာများကို အီရတ်နိုင်ငံတွင် အသုံးပြုခဲ့မှု ရှိ၊မရှိနှင့် ပတ်သက်၍ ဂျော့ဂျ်ဖေးကဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားကြောင်း သတင်းစာကရေးသားဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မေ ၂၃ ရက်က အီရတ်နိုင်ငံဘဂ္ဂဒက်မြို့ဆာဒါစီးတီးဒေသ လမ်းမပေါ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရန် ပြင်ဆင်နေကြသည့် ရှီးယိုက်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။ (ဓာတ်ပုံ အင်တာနက်)

ကန်နှင့် ကုန်သွယ်ရေး ဆွေးနွေးရေးကိစ္စ ကိုလံဘီယာ လယ်သမားများ ပယ်ချ

ဘိုဂိုတာ မေ ၂၀

အမေရိကန်နိုင်ငံနှင့်ကိုလံဘီယာနိုင်ငံတို့၏ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်အရ စေ့စပ်ဆွေးနွေးရမည့် လယ်ယာထွက်ကုန်ပစ္စည်းအမျိုးပေါင်း ၅၀၆ မျိုးပါဝင်သောအစိုးရ၏စာရင်းကိုကိုလံဘီယာလယ်သမားများအသင်း(စီအက်ဖ်အက်စ်)က သောကြာနေ့တွင် ပယ်ချလိုက်သည်။

အဆိုပါ ကိုလံဘီယာလယ်ယာထွက်ကုန် ၅၀၆မျိုးစလုံး အမေရိကန်ဈေးကွက်သို့ချက်ချင်းဝင်ရောက်ရေးအတွက် ကုန်သွယ်ရေး ဆွေးနွေးပွဲပြုလုပ်ရန် လယ်သမားများက တောင်းဆိုကြောင်း စီအက်ဖ်အက်စ်ဥက္ကဋ္ဌ ရာဖေးမေဂျီယာက ပြောကြားသည်။ ထို့ပြင် ထုတ်ကုန်အချို့၏ အခွန်အကောက်စည်းကြပ်မှု တဖြည်းဖြည်းချင်း လျှော့ပေါ့ပေးရန်လည်း ကိုလံဘီယာ လယ်သမားများက တောင်းဆိုသည်ဟု သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကန်ဦးဆောင်သည့် အီရတ်ကျူးကျော်မှု အဆုံးသတ်ရန် အီဂျစ်နိုင်ငံ သမ္မတမူဘာရက် တောင်းဆို

မော်စကို မေ ၂၀

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်၍ ဝင်ရောက်ကျူးကျော်သိမ်းပိုက်မှုကို အဆုံးသတ်ရန် အီဂျစ်သမ္မတမူဘာရက်က တောင်းဆိုလိုက်သည်။ ရုရှားသမ္မတဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ မော်စကိုသို့ သုံးရက်ကြာ လာရောက်လည်ပတ်သည့်ခရီးစဉ်အပြီးတွင် မူဘာရက်က ယင်းသို့တောင်းဆိုလိုက်ခြင်းဖြစ်သည်။

ပါဝင်လှုပ်ရှားသင့်

အီရတ်နိုင်ငံအား သိမ်းပိုက်မှုကို အဆုံးသတ်ကြောင်းနှင့် အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာ ပြန်လည်ထူထောင်ရာတွင် ကုလသမဂ္ဂအနေဖြင့် အရေးပါသည့်ကဏ္ဍမှ ပါဝင်လှုပ်ရှားသင့်ကြောင်း မော်စကိုမြို့ရှိ နိုင်ငံတကာဆက်ဆံရေးသိပ္ပံတွင် ၎င်းကပြောကြားသည်။ မူဘာရက်သည် အဆိုပါသိပ္ပံမှ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို လက်ခံရရှိခဲ့ကြောင်း အီတာ-တာ့စ်သတင်းဌာနက ဖော်ပြသည်။

ဇွန်လအကုန်တွင် တာဝန်ထမ်းဆောင်မည့် အီရတ်ယာယီအစိုးရတွင် စစ်မှန်သည့်အချုပ်အခြာအာဏာပိုင်မှုရှိရန်လိုအပ်ကြောင်း မူဘာရက်နှင့် ပူတင်တို့က သောကြာနေ့တွင် သဘောတူညီခဲ့ကြသည်။ အီဂျစ်နှင့် ရုရှားတို့ ပိုမိုပူးပေါင်းဆောင်ရွက်ကြရန်လည်း မူဘာရက်က စနေနေ့တွင် တိုက်တွန်းလိုက်သည်။ မူဘာရက်သည် ၁၉၈၁ ခုနှစ်တွင် အီဂျစ်သမ္မတတာဝန်ထမ်းဆောင်ခဲ့ပြီးနောက်ပိုင်း ရုရှားသို့ တတိယအကြိမ်မြောက်တရားဝင် အလည်အပတ်လာရောက်ခြင်းဖြစ်သည်။ ၎င်းနှင့်အတူ ဝန်ကြီးအချို့နှင့် စီးပွားရေးလုပ်ငန်းရှင်များလည်း လိုက်ပါလာသည်။ အီဂျစ်နှင့် ရုရှားတို့သည် ရုရှားနိုင်ငံက ပူးတွဲကမကထပြုစီစဉ်သည့် ရပ်ဆိုင်းနေသော အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်လည်ရှင်သန်ရန် အားထုတ်လျက်ရှိသည်။ လွတ်လပ်သည့် ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေးကို ထောက်ခံတင်ပြထားသည့် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ရုရှားအနေဖြင့် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားသင့်သည်ဟု ထင်မြင်ယူဆမိကြောင်း မူဘာရက်ကပြောကြားသည်။ ***အင်တာနက်။***

မေ ၂၈ရက် ကအီရတ်နိုင်ငံ အဘူဂါရိပ် အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာမည့် ခင်ပွန်းဖြစ်သူအား စောင့်ဆိုင်းနေသည့် အီရတ် သားအမိကို တွေ့ရစဉ်။
(ဓာတ်ပုံ အင်တာနက်)

အီရတ်နိုင်ငံ တည်ငြိမ်ရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရေးကိုကူညီရန် ဥရောပအလယ်ပိုင်းနိုင်ငံများထပ်မံကတိပြု

ကွန်စတန်တာ မေ ၂၀

အီရတ်နိုင်ငံ တည်ငြိမ်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်ကို ထောက်ခံမည်ဟု ဥရောပအလယ်ပိုင်းနိုင်ငံများမှ ခေါင်းဆောင်များက သောကြာနေ့တွင် ထပ်မံကတိပြုလိုက်ကြကြောင်း ရိုမေးနီးယားအမျိုးသားသတင်းဌာန ရွမ်ပရက်စ်က ကြေညာသည်။

အထောက်အကူပြု

အီရတ်၏ တရားဝင်အစိုးရဖွဲ့စည်းရေးဆိုင်ရာ ကုလသမဂ္ဂ ဆုံးဖြတ်ချက်ဖြင့်သာလျှင် အီရတ်နိုင်ငံ တည်ငြိမ်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုရန် ဥရောပအလယ်ပိုင်းနိုင်ငံများအနေဖြင့် တာဝန်ရှိကြောင်းဖြင့်လည်း(၁၁)ကြိမ်မြောက် ဥရောပအလယ်ပိုင်းနိုင်ငံများ၏ ထိပ်သီးအစည်းအဝေးအပြီးတွင် ဘူဂေးရီးယားသမ္မတပါဗာနော့က သတင်းထောက်များအား ပြောကြားလိုက်သည်။ အီရတ်စစ်ပွဲက အီရတ်နိုင်ငံကို ကမ္ဘာ့အကြမ်းဖက်မှုဌာနအဖြစ်ပြောင်းလဲပစ်လိုက်သည်ဟုယုံကြည်ကြောင်းဖြင့် သမ္မတပါဗာနော့က ပြောဆိုသည်။

တက်ရောက်

အီရတ်ပြဿနာ ဖြေရှင်းရာတွင် နိုင်ငံတကာ၏ သွေးစည်းညီညွတ်မှု ရှိရန်နှင့် အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကျော်ပြီး ပူးပေါင်းဆောင်ရွက်ရန်လည်း သတင်းစာရှင်းလင်းပွဲတွင် ရိုမေးနီးယားသမ္မတ အီလိုက်စကူးက တိုက်တွန်းလိုက်သည်။ ကွန်စတန်တာ၌ ကျင်းပသည့် နှစ်ရက်ကြာ ထိပ်သီးအစည်းအဝေးသို့ ဥရောပအလယ်ပိုင်း ၁၆နိုင်ငံမှ နိုင်ငံအကြီးအကဲများ တက်ရောက်ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ် ယာယီအစိုးရအား အချုပ်အခြာအာဏာ အပြည့်အဝ ပေးအပ်ရန် ဘုရှ်ကို ရုရှားနှင့် ဒိန်းမတ်နိုင်ငံတို့ တိုက်တွန်းပြောကြား

နိုင်ငံတကာ သတင်းများ

ဝါရှင်တန် မေ ၃၀

အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ် အနေဖြင့် အီရတ်ယာယီအစိုးရအဖွဲ့အား အချုပ်အခြာအာဏာ အပြည့်အဝပေးအပ်ရန် ရုရှားနှင့် ဒိန်းမတ်နိုင်ငံတို့က သောကြာနေ့တွင် တိုက်တွန်းပြောကြားလိုက်ပြီး သမ္မတဘုရှ်သည် အီရတ်ဆိုင်ရာ ကုလသမဂ္ဂ ဆုံးဖြတ်ချက်မူကြမ်းကို ပြုပြင်ပြောင်းလဲရန် လမ်းဖွင့်ထားကြောင်းဖြင့် အိမ်ဖြူက ပြောကြားလိုက်သည်။

ကုလသမဂ္ဂ ဆုံးဖြတ်ချက်မူကြမ်းတွင် အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များ၏ ရပ်တည်ချက်နှင့် ပတ်သက်၍ တိကျသော လမ်းညွှန်မှုများပါရှိရန်ဥရောပနိုင်ငံအစိုးရများက လိုလားလျက်ရှိသည်။ ယင်းဆုံးဖြတ်ချက်မူကြမ်းက အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များက ဇွန် ၃၀ ရက်တွင် အာဏာလွှဲပြောင်းပေးအပ်ပြီးနောက် တာဝန်ယူအုပ်ချုပ်မည့် အီရတ်အစိုးရသစ်ကို ထောက်ခံမည်ဖြစ်သည်။

သို့ရာတွင် ယင်းအစိုးရများက အီရတ်ယာယီအစိုးရ ထိန်းချုပ်မှု ပြင်ပဘောင်မှ အမေရိကန်တပ်ဖွဲ့များက ခြယ်လှယ်နိုင်မည်ကို စိုးရိမ်မကင်း ဖြစ်နေကြသည်။ အမေရိကန် စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့များအား အီရတ်နိုင်ငံသားတို့က အုပ်ချုပ်မည့် အရေးကို အမေရိကန် အစိုးရက လိုလားမှုမရှိပေ။ သို့ရာတွင် ၎င်းတပ်ဖွဲ့ဝင်များသည် အီရတ်၏လုံခြုံရေးတပ်ဖွဲ့များနှင့် ဒိုးတူပေါင်ဖက် လုပ်ငန်းဆောင်ရွက်သွားကြမည်ဟု ကတိကဝတ် ပေးခဲ့သည်။

အဓိက အပေါင်းပါနိုင်ငံများက စိုးရိမ်မကင်းကြောင်း ထုတ်ဖော်ပြောသော်လည်း ကုလသမဂ္ဂ ဆုံးဖြတ်ချက်မူကြမ်းကို ယေဘုယျအားဖြင့် အခိုင်အမာ ထောက်ခံမှုရရှိမည်ဟု အမေရိကန် တာဝန်ရှိပုဂ္ဂိုလ်များက ယုံကြည်နေကြကြောင်း အိမ်ဖြူ ပြောရေးဆိုခွင့်ရှိသူ စကော့မက်ကလီလန်က ပြောကြားသည်။

သမ္မတဘုရှ်သည် ပြင်သစ်သမ္မတ ဂျက်ရှီရက်နှင့် ဆွေးနွေးပြီး နှစ်ရက်အကြာတွင် ရုရှားသမ္မတပူတင်ထံသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ပြောကြားရာ၌ ရှီရက်က အမေရိကန်နှင့် ဗြိတိသျှတို့ ကမကထပြုသည့် မူကြမ်းတွင် အရေးကြီးသည့် တိုးတက်မှုများ ပါဝင်ရန် လိုအပ်နေသေးကြောင်း ပြောကြားခဲ့သည်။

အီရတ်ပြည်သူများက ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်ရရှိပြီး စစ်မှန်သည့် အချုပ်အခြာအာဏာ ပိုင်စိုးသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်ပေါ်ထွန်းရေးအတွက် စနစ်တစ်ရပ် ဖော်ဆောင်နိုင်မည်ဆိုပါက ယင်းအီရတ်ဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းသည် အလုပ်ဖြစ်နိုင်ကြောင်း ပူတင်အား ကိုးကား၍ အင်တာဖက်စ် သတင်းဌာနက ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ ကူဖာမြို့တွင် တိုက်ပွဲဖြစ်ပွားမှုကြောင့် ဒဏ်ရာရရှိသူ ဖခင်အား ဆေးရုံတွင် စောင့်ကြည့်နေသည့် အီရတ်ကလေးငယ် တစ်ဦးကို မေ ၂၆ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်မြို့လယ်၌ စိန်ပြောင်းကျည် ကျရောက်ပေါက်ကွဲ လူလေးဦး ဒဏ်ရာရကြောင်း အီရတ်ရဲတပ်ဖွဲ့ ပြောကြား

ဘဂ္ဂဒက် မေ ၃၀

ဘဂ္ဂဒက်မြို့လယ်ရှိ အမေရိကန် ဦးဆောင်သည့် အုပ်ချုပ်ရေးအဖွဲ့ဌာနချုပ်မှ မီတာ ၄၀၀ ခန့် ကွာဝေးသည့် နေရာတွင် စနေနေ့က စိန်ပြောင်းကျည် ကျရောက်ပေါက်ကွဲရာ လူလေးဦး ထိခိုက်ဒဏ်ရာရရှိသွားပြီး တစ်ဦးမှာ ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာ ရရှိကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

စိန်ပြောင်းကျည်ထိမှန်

ဒဏ်ရာရရှိသူ လေးဦးမှာ ဝန်ထမ်းများဖြစ်ကြပြီး အီရတ်အိုးအိမ်ဌာနသို့ သွားရန် လုံခြုံရေးစစ်ဆေးရေးဂိတ်တွင် တန်းစီနေစဉ် စိန်ပြောင်းကျည် ထိမှန်ခဲ့ခြင်းဖြစ်သည်။

ပြောက်ကျားများသည် အစိမ်းရောင်ဒေသဟု လူသိများသည့် နေရာဖြစ်သည့် အမေရိကန်တပ်ဖွဲ့ ဌာနချုပ်ကို စိန်ပြောင်းများဖြင့် ပုံမှန် တိုက်ခိုက်လေ့ရှိသည်။ သို့ရာတွင် စိန်ပြောင်းကျည် ပစ်ခတ်တိုင်း ယင်းဒေသအတွင်း ကျရောက်ခြင်း မရှိခဲ့ပေ။

လမ်းဘေးဗုံးပေါက်ကွဲ

အစိမ်းရောင်ဒေသသို့သွားရာအဓိကဝင်ပေါက်ကို ဦးတည်သည့် လမ်းမပေါ်တွင် ယခုရက်သတ္တပတ်က လမ်းဘေးထောင်ဗုံး ပေါက်ကွဲမှုကြောင့် ကားတစ်စီး ထိမှန်ခဲ့ရာ ဗြိတိသျှလုံခြုံရေးအစောင့်တစ်ဦးနှင့် အမေရိကန် ဦးဆောင်အုပ်ချုပ်ရေးအဖွဲ့မှ ဗြိတိသျှ အလုပ်သမားတစ်ဦးတို့ သေဆုံးခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ရေနံဈေးနှုန်း မြင့်တက်မှု အီရတ်စစ်ပွဲကြောင့်ဖြစ်ကြောင်း ချာဗက်ဇ် ပြောကြား

ကွာဒါလဂျာရာ (မက္ကဆီကို) မေ ၃၀

အီရတ်စစ်ပွဲသည် ရေနံဈေးနှုန်းမြင့်တက်မှု၏ နောက်ကွယ်မှ အခြေခံကျသည့် အကြောင်းတရားဖြစ်ပြီး ရေနံထုတ်လုပ်သော နိုင်ငံများအဖွဲ့(အိုပက်)၏ အပြစ်မဟုတ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က သောကြာနေ့တွင် ပြောကြားသည်။

ရေနံဈေးကြီးမှု၏ပြဿနာအကြောင်းရင်းသည် အိုပက်အဖွဲ့ကြောင့်ဟု ထင်မြင်ပါက လုံးဝမှားယွင်းကြောင်း ဥပရောပသမဂ္ဂ ထိပ်သီးညီလာခံသို့ ဆိုက်ရောက်ရောက်ချင်း ချာဗက်ဇ်က သတင်းစာဆရာများအား ပြောကြားသည်။

ရေနံဈေးနှုန်း ချပေးရေးနှင့် စပ်လျဉ်း၍ဗင်နီဇွဲလားသို့တည်းမဟုတ် မက္ကဆီကိုနိုင်ငံတို့ကို တိုက်တွန်းနေသူများအနေဖြင့် နောက်ခံအခြေအနေကို အပြည့်အစုံ ညှိနှိုင်းရမည်ဖြစ်ကြောင်း ချာဗက်ဇ်က အလေးထား ပြောကြားပြီး ၎င်းတို့အနေဖြင့် သမ္မတဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်ကို အီရတ်နိုင်ငံမှ စွန့်ခွာရန် မည်သည့်အတွက်ကြောင့် မတိုက်တွန်းကြသနည်းဟုမေးခွန်းထုတ်လိုက်သည်။

ထိန်းသိမ်းနိုင်စွမ်းမရှိ

အမေရိကန် ပြည်ထောင်စုက ရေတစ်ခွက်သောက်သကဲ့သို့ အီရတ်ကို ဝါးမျိုနိုင်တော့မည်ဟု ထင်နေကြကြောင်း၊ ငါးလ ခြောက်လအတွင်း ရေနံထုတ်လုပ်မှု ပြန်လည်စတင်တော့မည်ဖြစ်ကြောင်း၊ မည်သို့ပင်ဆိုစေကာမူ အီရတ်နိုင်ငံအား ၎င်းတို့ ထိန်းသိမ်းနိုင်စွမ်း မရှိကြောင်း ချာဗက်ဇ်က ပြောကြားသည်။

ထင်တိုင်းကြဲ

ရေနံဈေးကွက် အခြေအနေနှင့် ပတ်သက်၍ သမ္မတဘုရှ်ကိုသာ အပြစ်ဖို့ရမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းကိုယ်တိုင်က နိုင်ငံတကာ ဥပဒေများကို ကျော်ခိုင်းပြီး ထင်တိုင်းကြဲခဲ့ကာ နယ်ချဲ့ဆန်ဆန် တစ်ဖက်သတ် ဆုံးဖြတ်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရေနံဈေးနှုန်းကို သင့်တင့်လျော်ပတ်သည့် အဆင့်တွင် ဆက်လက်တည်တံ့နိုင်စေရေးအတွက် ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ရေနံဈေးနှုန်း ကျဆင်းမှု၏ အကြောင်းတရားတစ်ခုသည် တစ်ချိန်က ရေနံသုံးစွဲမှု မြင့်မားခဲ့မှု၊ သဘာဝပျက်စီးမှုနှင့် အိုဇုန်းလွှာ အခြေအနေ ဆိုးဆိုးရွားရွား ထိခိုက်လာမှုတို့ကြောင့် ဖြစ်ကြောင်း ချာဗက်ဇ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အခြားအကျဉ်းထောင်အချို့၌လည်း အဘူဂါရိုင်ကဲ့သို့ နှိပ်စက်ညှဉ်းပန်းမှုများရှိ

ဝါရှင်တန် မေ ၃၀

အီရတ်နိုင်ငံရှိ အဘူဂါရိုင် အကျဉ်းထောင် တစ်ခုတည်းသာ မဟုတ်ဘဲ အချို့ထောင်များတွင်လည်း အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုရှိသည်ဆိုသော အထောက်အထားများကို တွေ့ရှိရသည်။

အီရတ်အကျဉ်းသားများအား အမေရိကန် တပ်ဖွဲ့ဝင်များက နှိပ်စက်ညှဉ်းပန်းနေသည့် ဓာတ်ပုံများအား ရိုက်ယူရာ အကျဉ်းထောင်သည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ပြင်ရှိ အဘူဂါရိုင် အကျဉ်းထောင်ဖြစ်သည်။

အခြားအကျဉ်းထောင် လေးခုတွင် အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းရန် စစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးသမားများက အားပေးအားမြှောက်ခဲ့သည်ကို မိမိတို့ မြင်တွေ့ခဲ့ရကြောင်း အမေရိကန် အစောင့်အချို့က ပြောကြားသည်။ ယင်းအကျဉ်းထောင်များတွင် အမေရိကန် မရိန်းတပ်ဖွဲ့ ထိန်းသိမ်းရေးစခန်းတစ်ခုနှင့် အမေရိကန်ကြည်းတပ် ထိန်းသိမ်းရေးစခန်း သုံးခုတို့ ပါဝင်သည်။ ***အင်တာနက်။***

မေ ၂၅ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများကို ဟစ်ကြွေးနေသည့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်ဆိုင်ရာ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်သစ် အမြန်အကောင်အထည်ဖော်ရန် ပူတင် တိုက်တွန်း

မော်စကို မေ ၃၀

အီရတ်ဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်သစ်သည် အီရတ်ပြည်သူများအား အချုပ်အခြာအာဏာလွှဲအပ်ရေးကို လျင်မြန်စွာ အရှိန်မြှင့်တင်ပေးသင့်ကြောင်းဖြင့် ရုရှားသမ္မတ ပူတင်က သောကြာနေ့တွင် တိုက်တွန်းပြောကြားလိုက်သည်။

အီရတ်ပြည်သူများက ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ပြီး အီရတ်နိုင်ငံ၏ စစ်မှန်သော အချုပ်အခြာအာဏာကို ပြန်လည်ရယူရန် ယန္တရားများ ဖန်တီးနိုင်မှသာ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် ထိရောက်နိုင်မည်ဖြစ်ကြောင်း ဧည့်သည်တော် အီဂျစ်သမ္မတ မူဘာရက်နှင့် မော်စကို၌ တွေ့ဆုံအပြီးတွင် ရုရှားသမ္မတပူတင်က သတင်းထောက်များအား ပြောကြားလိုက်သည်။

ကုလသမဂ္ဂဆိုင်ရာ ရုရှားကိုယ်စားလှယ်အဖွဲ့သည် ထိုသို့သော ဆုံးဖြတ်ချက်များ ချမှတ်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အမေရိကန်သမ္မတ ဘုရှ်နှင့် သောကြာနေ့ နှောင်းပိုင်းတွင် ယင်းကိစ္စကို တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမည်ဟုလည်း ရုရှားသမ္မတပူတင်က ပြောကြားလိုက်သည်။

ထွက်ပေါက်ရှာ

အမေရိကန်သမ္မတ ဘုရှ်သည် အီရတ် လက်ရှိ အခြေအနေမှ ထွက်ပေါက်ရှာရန် မကြာမီက ကြိုးပမ်းဆောင်ရွက်ကြောင်းဖြင့် ရုရှားသမ္မတပူတင်က ပြောကြားသည်ဟု အင်တာဖက်စ်သတင်းဌာနက ကြေညာသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နယုန်လပြည့်နေ့

ဦးကျော်စိန်(မန္တလေး)

မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် နယုန်လသည် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ အလေးအမြတ်ထား သတ်မှတ်ထားသော လဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်သည် နယုန်လပြည့်နေ့၌ အံ့သြဖွယ်ကောင်းလှအောင် များပြားလှသော နတ်၊ ဗြဟ္မာပရိသတ်တို့ စည်းဝေးရောက်ရှိစဉ် **မဟာသမယသုတ်** တရားတော်ကို ဟောကြားတော်မူပါသည်။

ဟောကြားတော်မူခြင်း၏ အကြောင်းမှာ–

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် စတုတ္ထဝါအရောက်၌ မဇ္ဈိမဒေသတွင် ကပိလဝတ်နှင့် ကောလိယ နှစ်ပြည်ထောင်မင်းတို့သည် ရောဟိဏီမြစ်ရေ ရရှိရေးကို အကြောင်းပြု၍ စစ်ခင်းရန် စစ်မြေပြင်သို့ စုရုံးချီတက်ခဲ့ကြ၏။ ထိုအချိန် မြတ်စွာဘုရား ကြွရောက်တော်မူလာပြီး ငြိမ်းချမ်းရေးကို ရှေးရှု၍ ရန်ပြေမာန်ပြေတရားတော်တို့ကို ဟောကြားတော်မူရာ နှစ်ပြည်ထောင်မင်းတို့သည် မြတ်စွာဘုရားရှင်၏ တရားတော်ကြောင့် အသိဉာဏ်အမြင်မှန်ရကာ ပြေငြိမ်းအေးချမ်းခြင်းသို့ ရောက်ရှိကြသည်။ တစ်ဖက်လျှင် နှစ်ရာ့ငါးဆယ်စီ နှစ်ပြည်ထောင် မင်းသားငါးရာတို့သည် မြတ်စွာဘုရား သာသနာတော်သို့ဝင်၍ ရဟန်းပြုကြ၏။

ထိုရဟန်းတို့သည် သာသနာတော်၌ မပျော်ပိုက်ကြသည်ကို မြတ်စွာဘုရားရှင် သိတော်မူ၍ ရဟန်းငါးရာတို့အား ဟိမဝန္တာတောအတွင်းရှိ အလွန် မွေ့လျော်ဖွယ်ကောင်းသော ကုဏာလအိုင်သို့ ခေါ်ဆောင်ကာ ဂါထာသုံးရာဖြင့် တန်ဆာဆင်အပ်သော ကုဏာလငှက်မင်း၏ ဇာတ်ကြောင်းကို ဟောကြားတော်မူသည်။ ဇာတ်တော်အဆုံး၌ ရဟန်းငါးရာတို့သည် သောတာပတ္တိဖိုလ်၌ တည်လေသည်။ မြတ်စွာဘုရားရှင်သည် ရဟန်းတော်ငါးရာတို့နှင့်အတူ ကပိလဝတ်ပြည်၏ အနီးဖြစ်သော မဟာဝုန်တောသို့ ကြွချီတော်မူ၍ ထိုရဟန်း ငါးရာတို့အား ကမ္မဋ္ဌာန်းကို ပေးတော်မူရာ မကြာမြင့်မီသော ကာလ၌ပင် ထိုရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်သို့ ရောက်ရှိတော်မူကြသည်။

ရဟန်းတော်ငါးရာတို့သည် မိမိတို့ရရှိပြီးသော တရားထူးကို လျှောက်ထားရန်နှင့် မြတ်စွာဘုရားကို ဖူးမြော်ရန် နယုန်လပြည့်နေ့ ညချမ်းအချိန်တွင် မြတ်စွာဘုရားထံသို့ စုရုံးရောက်ရှိလာကြ၏။ ဤကဲ့သို့ ထူးခြားသော သံဃာ့အစည်းအဝေးကြီးကို တွေ့မြင်ဖူးတွေ့ ကြည်ညိုလိုကြကုန်သော နတ်၊ ဗြဟ္မာ၊ အသူရာနှင့် ဂဠုန်၊ နဂါးတို့သည် မဟာဝုန်တောကြီးသို့ အုပ်စုလိုက် စုရုံး ရောက်ရှိကြ၏။ ဤသို့ ပရိသတ်များ စုံလင်စွာ စုဝေးမိသော အချိန်တွင် မြတ်စွာဘုရားရှင်သည် တရားနာရန် ရောက်ရှိနေကြသော နတ်၊ ဗြဟ္မာများ၏ အမည်၊ အမျိုးအနွယ်တို့ကို ရဟန္တာငါးရာနှင့် နတ်၊ ဗြဟ္မာများအား သိစေလို၍ နတ်၊ ဗြဟ္မာတို့အား အမျိုးတူအလိုက် စုပေါင်းကာ အမည်၊ အမျိုးအနွယ် တစ်ခုချင်းစီကို ဖော်ထုတ်ပြီး နှုတ်ခွန်းဆက်စကား မိန့်ကြားတော်မူခြင်း ဖြစ်သည့် မဟာသမယသုတ် တရားတော်ကို ဟောကြားတော်မူပါသည်။

ဤကဲ့သို့ နတ်၊ ဗြဟ္မာများ စုရုံးစည်းဝေးမိသောအချိန်ကို **မဟာသမယ**ဟု ခေါ်၍ နတ်၊ ဗြဟ္မာအစည်းအဝေး၌ အမည်၊ နာမ၊ အမျိုးအနွယ်တို့ကို ထုတ်ဖော်မြွက်ကြား နှုတ်ခွန်းဆက်သောအားဖြင့် မိန့်ကြားတော်မူသော စကားများကို **မဟာသမယသုတ်**ဟု ခေါ်ဆိုပါသည်။ ဤ **မဟာသမယသုတ်** တရားတော်ကို ဟောကြားပြီးနောက် မြတ်ဗုဒ္ဓသည် နတ်၊ ဗြဟ္မာတို့၏ စရိုက်အားလျော်စွာ–

(၁) ရာဂစရိုက် အားကြီးသူတို့အတွက် သမ္မာပရိဗ္ဗာဇနိယသုတ်
(၂) ဒေါသစရိုက် အားကြီးသူတို့အတွက် ကလဟဝိဝါဒသုတ်
(၃) မောဟစရိုက် အားကြီးသူတို့အတွက် မဟာဗျူဟသုတ်
(၄) ဝိတက်စရိုက် အားကြီးသူတို့အတွက် စူဠဗျူဟသုတ်
(၅) သဒ္ဓါစရိုက် အားကြီးသူတို့အတွက် တုဝဋ္ဋကသုတ်
(၆) ပညာစရိုက် အားကြီးသူတို့အတွက် ပုရာဘေဒသုတ်

တရားတော်တို့ကို ဟောကြားတော်မူပါသည်။

တရားတော်မြတ်အဆုံးတွင် နတ်၊ ဗြဟ္မာပေါင်း ကဋေတစ်သိန်းစီ အရဟတ္တဖိုလ်သို့ ရောက်ကြပါသည်။ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ် စသည်တို့သို့ ရောက်ရှိကြကုန်သော နတ်၊ ဗြဟ္မာတို့၏ အရေအတွက်ကား ဂဏန်းချ၍ မပြနိုင်လောက်အောင် များပြားလှ၏ဟု အဋ္ဌကထာတွင် ဖွင့်ဆိုထားပါသည်။ ထို့အပြင် မဟာသမယသုတ်ကို နတ်တို့သည် ချစ်ခင်နှစ်သက်မြတ်နိုးကြ၏။ နတ်တို့သည် မဟာသမယသုတ်ကို နာကြားကုန်အံ့ဟူ၍ ရှေးရှုထားအပ်သော နားဖြင့်သွားလာလှည့်လည်နေကြ၏။ မြို့သစ်၊ ရွာသစ်၊ တိုက်သစ်၊ အိမ်သစ်၊ အိုးသစ် ထူထောင်ခြင်းစသော မင်္ဂလာအခမ်းအနားတို့၌ မဟာသမယသုတ်ရွတ်ဖတ်သရဇ္ဈာယ်သင့်ကြောင်း အဋ္ဌကထာဆရာအရှင်မြတ်က ထုတ်ဆောင်ဖွင့်ပြထားပါသည်။

သို့ပါ၍ နယုန်လပြည့်နေ့သည် ငြိမ်းချမ်းရေးမှတ်တိုင်အဖြစ် စိုက်ထူနိုင်သော သာသနာ့သမိုင်းဝင် နေ့ထူးနေ့မြတ်ဖြစ်သည့်အပြင် နယုန်လပြည့်နေ့ကို အလေးအမြတ်ထားသတ်မှတ်ရန် ထူးခြားချက်များအဖြစ်–

(၁) ရေလုပွဲကြီးဆင်နွှဲကြသော နှစ်ပြည်ထောင်သားတို့ ငြင်းခုံခိုက်ရန်ဘေးမှ ကင်းရှင်း၍ ထူးခြားခြင်း၊
(၂) ကပိလဝတ်နှင့် ကောလိယနှစ်ပြည်ထောင် စစ်ခင်းတော့မည့်ဘေးအန္တရာယ်မှ ကင်းဝေးပြီး၊ ငြိမ်းချမ်းရေးရသောနေ့ဖြစ်၍ ထူးခြားခြင်း၊
(၃) ရဟန်းတော် ငါးရာလုံး ရဟန္တာချည်းဖြစ်တော်မူသောနေ့ဖြစ်၍ ထူးခြားခြင်း၊
(၄) နတ်၊ ဗြဟ္မာ၊ အသူရာနှင့် ဂဠုန်၊ နဂါးများ၊ ရဟန်းတော်များ ဤတစ်ကြိမ်သာ စုရုံးမိသောနေ့ဖြစ်၍ ထူးခြားခြင်း၊
(၅) မဟာသမယကို အကြောင်းပြု၍ ရန်ဘက်ဖြစ်သော ဂဠုန်နှင့် နဂါးတို့ ခိုက်ရန်မဖက်၊ မေတ္တာသက်ဝင်သောနေ့ဖြစ်၍ ထူးခြားခြင်း၊
(၆) မဟာသမယဆိုင်ရာ သုတ္တန် ခုနစ်မျိုးကို မြတ်ဗုဒ္ဓဟောကြားသောနေ့ဖြစ်၍ ထူးခြားခြင်းတို့ဖြစ်ပါသည်။

ထို့ကြောင့် ဤထူးခြားချက်များကို အာရုံပြုပြီး ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် နယုန်လပြည့်နေ့တွင် မဟာသမယသုတ် တရားတော်ကို နာယူကြ၍ ရွတ်ဖတ်သရဇ္ဈာယ်မှု ပြုနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ရပါသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ရေကြောင်း ရဲညွှန့်လောင်း (မန္တလေးစခန်း) အခြေခံနှင့် တန်းမြင့်သင်တန်း ဆင်းပွဲကျင်းပ

ရန်ကုန် မေ ၃၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့ ပူးပေါင်းညှိနှိုင်းဖွင့်လှစ်သော တပ်မတော်(ရေ) ရေကြောင်းရဲညွှန့်လောင်းသင်တန်း(မန္တလေးစခန်း) အခြေခံသင်တန်းနှင့်တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၀၄) သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၈ရက် နံနက် ၉နာရီက မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ တိုင်းအတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး ကြည်သိန်းနှင့် ကောင်စီဝင်များ၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် မန္တလေး တပ်နယ်မှ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်နှင့် သင်တန်းနည်းပြများ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်နှင့် မန္တလေးခရိုင်နှင့် မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့် ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်တို့က သင်တန်းဆင်းအမှာစကား ပြောကြားကြသည်။

ထို့နောက် တိုင်းမှူးက ရေကြောင်းရဲညွှန့်လောင်း(အခြေခံ)သင်တန်းနှင့် (တန်းမြင့်)သင်တန်းတို့၌ အကောင်းဆုံးသင်တန်းသားဆု ရရှိကြသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရေတပ်လေ့ကျင့်ရေး ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီး မောင်ဦးလွင်က သေနတ်ပစ်ထူးချွန်ဆုရရှိသူအား ဂုဏ်ပြုဆုနှင့် သင်တန်းသားကိုယ်စားလှယ်တစ်ဦးအားသင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်က သင်တန်းနည်းပြများအား ဂုဏ်ပြုဆုများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တပ်မတော်(ရေ) ရေကြောင်းရဲညွှန့်လောင်းသင်တန်း (မန္တလေးစခန်း) အခြေခံ/တန်းမြင့် သင်တန်းအမှတ်စဉ် (၁/၂၀၀၄)တွင် မန္တလေးခရိုင်ရှိ မြို့နယ်ခုနစ်မြို့နယ်မှ အခြေခံသင်တန်း သင်တန်းသား ၅၀ ဦးနှင့် တန်းမြင့်သင်တန်း သင်တန်းသား ၂၅ဦးတို့ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာ သင်ကြားပို့ချခဲ့သည်။ (သတင်းစဉ်)

ဘိန်းဖြူ ၁ ဒသမ ၂၃၂ ကီလို လားရှိုး၌ ဖမ်းမိ

ရန်ကုန် မေ ၃၁

နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၃ရက်က လားရှိုးမြို့ ရပ်ကွက် (၉) နယ်မြေ (၆) အင်ကြင်းလမ်းသွယ်၌ မူးယစ်ဆေးဝါးများ တရားမဝင်ရောင်းဝယ်မှုများ ပြုလုပ်နေကြောင်း သတင်းအရစောင့်ဆိုင်းနေစဉ် မူးယစ်ဆေးဝါးများ အရောင်းအဝယ်ပြုလုပ်ရန် ရောက်ရှိလာသူ လားရှိုးမြို့နယ် မယ်ဟန်အုပ်စု ခိုဆန်တန်ကျေးရွာနေ ဦးလော်စန်း၏သား မောင်ဝင်း(ခ)လီလောက်စေးနှင့် ဦးလော်ဝိန်ကွေး၏သား လော်လော်ကား(ခ)လောက်စီး တို့နှစ်ဦးအား ယင်းတို့ သယ်ဆောင်လာသည့် ဘိန်းဖြူဆပ်ပြာခွက် ၈၈ခွက် စုစုပေါင်းအလေးချိန် ၁ ဒသမ ၂၃၂ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ဖမ်းဆီးရမိတရားခံများနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)



e- Education Learning Centre

သင်တန်းစာ ထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၁-၆-၂၀၀၄ (အင်္ဂါနေ့)
- ဝတ်လုံတော်ရ မောင်သောင်းဖေ
  - အဝေးသင်တက္ကသိုလ် ပထမနှစ် အထူးပြုအားလုံး ကျောင်းသား ကျောင်းသူများ
- နိုင်ငံတော်မျက်နှာ
  - အဝေးသင်တက္ကသိုလ် ပထမနှစ် အထူးပြုအားလုံး ကျောင်းသား ကျောင်းသူများ
- Tenses
  - အဝေးသင်တက္ကသိုလ် ပထမနှစ် အထူးပြုအားလုံး ကျောင်းသား ကျောင်းသူများ
- Science and Scientists
  - အဝေးသင်တက္ကသိုလ် ပထမနှစ် အထူးပြုအားလုံး ကျောင်းသား ကျောင်းသူများ

၂-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)
- Clothing
  - အဝေးသင်တက္ကသိုလ် ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- Echo Location
  - အဝေးသင်တက္ကသိုလ် ပထမနှစ် အင်္ဂလိပ်စာ အထူးပြု ကျောင်းသား ကျောင်းသူများ
- The Origin of Feudalism
  - အဝေးသင်တက္ကသိုလ် ပထမနှစ် ဝိဇ္ဇာအားလုံး၊ ဥပဒေ၊ ရုပ်သအထူးပြု ကျောင်းသား ကျောင်းသူများ

၃-၆-၂၀၀၄ (ကြာသပတေးနေ့)
- Introducting Logic
  - အဝေးသင်တက္ကသိုလ် ပထမနှစ် ဒဿနိကဗေဒ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ အထူးပြု ကျောင်းသား ကျောင်းသူများ
- The Study of Immediate Inference
  - အဝေးသင်တက္ကသိုလ် ပထမနှစ် ဒဿနိကဗေဒ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- The Earth and its Movement
  - အဝေးသင်တက္ကသိုလ် ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ

၄-၆-၂၀၀၄ (သောကြာနေ့)
- Economic and Social Aspects of Feudalism
  - အဝေးသင်တက္ကသိုလ် ပထမနှစ် ဝိဇ္ဇာအားလုံး ဥပဒေ ရုပ်သအထူးပြု ကျောင်းသား ကျောင်းသူများ
- History of Psychology
  - အဝေးသင်တက္ကသိုလ် ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- Perceptual Organization
  - အဝေးသင်တက္ကသိုလ် ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

နံနက် ၉နာရီမှ ၁၁နာရီထိ

၅-၆-၂၀၀၄ (စနေနေ့)
- အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

၆-၆-၂၀၀၄ (တနင်္ဂနွေနေ့)
- အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

အိပ်မက်တံတား (သို့) သံလွင်တံတား(မော်လမြိုင်)

ရွှေမြိုင်-ဝတ်မှုံဦး

မော်လမြိုင်မှ ရန်ကုန်သို့ ထွက်ခဲ့သည်မှာ အနှစ်လေးဆယ်ကျော်ခဲ့ပါပြီ။ မော်လမြိုင်ကိုတစ်ခါမှ ပြန်မရောက်သော်လည်း တစ်နေ့မှမမေ့ပါ။ မော်လမြိုင်တောင်ပေါ်တန်းရှိ ဘုရားပုထိုးများ၊ သာယာလှသော ကမ်းနားလမ်းအလှများကို မြင်ယောင်နေဆဲ။ အဝေးမှ လွမ်းဆွတ်တမ်းတနေမိသည်မှာ အမှန်ပါ။

ရန်ကုန်မှမော်လမြိုင်သို့ ကား/ရထားဖြင့်သွားရာတွင် မုတ္တမဆိပ်ကမ်းမှတစ်ဆင့် ကူးတို့သင်္ဘောဖြင့် ကူး၍သွားရသည်။ နီးလျက်နှင့် ခရီးအလွန်ထောက်ပါသည်။ အချိန်အလွန်ကုန်ပါသည်။ ကားနှင့်သွားပါက ဇက်မမီလျှင်အဆင်မပြေတော့။ ထို့ကြောင့် ဤခရီးကို ကျွန်မကြောက်သည်။ ဤခရီးသည် ကျွန်မတို့ မိသားစုအားလုံးကို ကြောက်လန့်စေသည်။ နာကြည်းစေသည်။ ဤခရီးလမ်း၏ ခက်ခဲမှုကြောင့်ပင် ကျွန်မချစ်သော မော်လမြိုင်ကို သွားလိုသော ဆန္ဒရှိပါလျက် မရောက်ဖြစ်ခဲ့။

တစ်ခါက ဖြစ်ပါသည်။ ကျွန်မမေမေသည် ပဲခူး၌ ကျောင်းဆရာမတာဝန် ထမ်းဆောင်နေသော ကျွန်မ၏ အစ်မ နေမကောင်းသဖြင့် ပြုစုရန် သွားရောက်ခဲ့သည်။ ကျွန်မ တက္ကသိုလ်ဝင်တန်း ဖြေဆိုသော ၁၉၅၉ ခုနှစ်က ဖြစ်ပါသည်။ ကျွန်မသည် ရှစ်တန်းအောင်ပြီး တက္ကသိုလ်ဝင်တန်းသို့ တိုက်ရိုက်ဖြေဆိုသောနှစ်၊ အသက်အားဖြင့် (၁၅)နှစ်။ မေမေက ကျွန်မစာမေးပွဲပြီးမှ သွားချင်သည်။ ကျွန်မအား တစ်ပါတည်း ခေါ်သွားခဲ့ပြီး ကျောင်းပိတ်ရက်တွင် အစ်မအား ပြုစုရန်၊ ပဲခူး၌ထားခဲ့ရန် စီစဉ်သည်။ ဖေဖေက သဘောမတူ။ မေမေတစ်ဦးတည်း ချက်ချင်းသွားရန် ပြောသည်။ မေမေ တစ်ယောက်တည်း အစ်မရှိရာ ပဲခူးကိုသွားခဲ့သည်။ သောကြာနေ့ဖြစ်သည်။ ကျွန်မ စာမေးပွဲဖြေရန် တနင်္လာနေ့ တစ်ရက်သာကျန်တော့သည်။ တနင်္လာနေ့၌ သင်္ချာ(၁)နှင့် (၂) ဖြေဆိုရမည်ဖြစ်သည်။

လူတို့၏ ကံကြမ္မာအလှည့်အပြောင်းကို ဘယ်သူမှ ကြိုတင်မသိ။ လုပ်ယူ၍မရ။ ဖြစ်လာပြန်တော့ အမြန်အဆန်။ ဘယ်သူမှ ကြိုတင်မျှော်လင့်မထား။ ကျွန်မတို့နေထိုင်ရာ ဒိုင်းဝန်ကွင်းရှိ ကျွန်မတို့အိမ်ဘေးမှ အိမ်တွင် အလှူလုပ်သည်။ တနင်္ဂနွေနေ့ဖြစ်သည်။ ကျွန်မ အစ်မကြီး၊ အစ်ကို၊ အစ်မငယ်တို့ သွားရောက်ကူညီ လုပ်ကိုင်ကြသည်။ ကျွန်မမှာ တနင်္လာနေ့ စာမေးပွဲ ဖြေရမည်ဖြစ်၍ မသွားရောက်ခဲ့ပေ။ အလှူတွင် ဖေဖေက အိမ်နားနီးချင်းဖြစ်၍ နံနက်စောစောကပင် သွားရောက်ခဲ့သည်။ နံနက် ၉ နာရီခန့်တွင် ဖေဖေ ပြန်လာသည်။ မျက်နှာ သိပ်မကောင်း။ တစ်ကိုယ်လုံး ချွေးပြန်နေသည်။ ကျွန်မက "ဖေဖေ နေမကောင်းဘူးလား"ဟု မေးသည်။ ကျွန်မ စာမေးပွဲရှိနေ၍ သင်္ချာတွက်ချက်နေသည်မို့ ကျွန်မကို ငဲ့ညှာပုံရသည်။ ဖေဖေ အိမ်သာထဲဝင်သွားသည်။ အန်နေပုံရသည်။ ဖေဖေ အပြင်ထွက်လာတော့ "သမီး ဖေဖေ ညောင်းနေလို့ နင်းပေးပါ"ဟု ပြောသည်။ ကျွန်မ နင်းနေတုန်း ဖေဖေ တစ်ကိုယ်လုံး ချွေးစေးပြန်နေသည်။ ကျွန်မလည်း ကမန်းကတန်းအိမ်ဘေးအိမ်တွင် ကူညီလုပ်ကိုင်ပေးနေသော အစ်ကိုနှင့် အစ်မများအား သွားရောက်ခေါ်ပါသည်။ အစ်ကိုက စက်ဘီးနှင့် ဆရာဝန်သွားပင့်ပါသည်။ ရပ်ကွက်ရှိ တစ်ဦးတည်းသော ဆရာဝန်က ကတိုးရွာတွင် လူနာသွားကြည့်နေသည်ဟု သိရသဖြင့် ဘာမျှမဆောင်ရွက်နိုင်ခဲ့။ ကျန်းမာရေးမှူးက ဝမ်းသွားရန်ဆေးပေးသည်။ ဖေဖေ နည်းနည်းသက်သာသွားသည်။ ဖေဖေ အစာအဆိပ် ဖြစ်သည်ဟု သိရသည်။

ပဲခူးရှိ မေမေကို ပြန်ခေါ်ရန် ကြေးနန်းပို့လိုက်သည်။ မေမေလည်း ကြေးနန်းရရချင်း လိုက်လာသည်။ သို့သော် ဖေဖေ့အသက်ကို မမီလိုက်ပေ။ ကျွန်မတို့ မိသားစုအားလုံး ရွှေတောင်ကြီးပြိုကွဲခဲ့ရပြီ။ ဖြစ်လာတော့ ကံကိုသာပုံချရတော့သည်။ တကယ်တော့ ဤသို့မဟုတ်ပါ။

ပဲခူးမှရထားဖြင့် မော်လမြိုင်သို့သွားလျှင် မိုင်အားဖြင့် ၁၄၀ ခန့်သာရှိပေမည်။ ရထားသည် မုတ္တမဆိပ်ကမ်းထိသာ သွားရသည်။ ၎င်းမှ မော်လမြိုင်မြို့သို့ ကူးတို့သင်္ဘောဖြင့် ကူးရသည်။ ကူးတို့သင်္ဘော တစ်ခါတစ်ရံပျက်၍ မသွားလျှင် မုတ္တမဆိပ်ကမ်း ဘူတာရုံတွင် ညအိပ်၍ နောက်နေ့မှ မော်လမြိုင်သို့ ကူးရသည်။ မော်လမြိုင်သည် နီးလျက်နှင့် ဝေးနေသည်။

ကျွန်မမေမေသည် သင်္ဘောမထွက်နိုင်သဖြင့် မုတ္တမဆိပ်ကမ်းတွင် ညအိပ်ခဲ့ရသည်။ အကယ်၍ သင်္ဘောထွက်ခဲ့ပါက ညနေ ၆ နာရီခန့် မော်လမြိုင်ဆိပ်ကမ်းသို့ ရောက်ပေမည်။ ဖေဖေအားစကားပြောပြီး နှုတ်ဆက်လိုက်ရပေမည်။ နောက်ဆုံးအချိန်တွင် ဖေဖေသည် မေမေ့လက်ပေါ်တွင် အသက်ထွက်ရပေမည်။ ခုတော့ ဖေဖေ ဆုံးပါးသွားခဲ့ရပါပြီ။ ဖေဖေ့ကို နှုတ်မဆက်ရသည့်အတွက်၊ နောက်ဆုံးအချိန်မှာ စကားမပြောလိုက်ရသည့်အတွက် မေမေ ပူဆွေးခဲ့ရသည်။ ကြေကွဲခဲ့ရသည်။

ဤလမ်းခရီး အခက်အခဲကြောင့် ဖေဖေဆုံးသည်ကို မေမေ မတွေ့လိုက်ရခြင်းဖြစ်သည်။ ကျွန်မတို့ မိသားစုအားလုံး ဖေဖေရက်လည်သည့်နောက်နေ့တွင် မော်လမြိုင်မှ ရန်ကုန်သို့ ထွက်ခွာခဲ့ကြသည်။ ကျွန်မအစ်ကိုကြီး စီစဉ်ပေးမှုဖြင့် ရန်ကုန်တွင် အခြေချနေထိုင်ခဲ့ပါသည်။ ရန်ကုန်တွင် တက္ကသိုလ်ဆက်တက်ပြီး အလုပ်ဝင်ခဲ့ပါသည်။ မော်လမြိုင်သို့ တစ်ခေါက်မှ မပြန်ဖြစ်ခဲ့တော့။ မော်လမြိုင်သွားရန် အကြိမ်ကြိမ် စဉ်းစားခဲ့သော်လည်း မုတ္တမမှ မော်လမြိုင်သို့ ဇက်ဖြင့်ကူးရသည့်ဒုက္ခ ကြောက်သည်။ ထို့အတူ ဖေဖေ့ကို အမြဲပြန်မြင်နေသည်။ မေမေက "သမီးတို့ ဖေဖေ ဒီလိုဆုံးမယ်ဆိုတာသိရင် လေ့၊ သမ္ဗန်ငှားပြီး ဖြစ်တဲ့နည်းနဲ့ သံလွင်မြစ်ကို ဖြတ်ကျော်ခဲ့ပါတယ်"ဟု မကြာခဏ ပြောကြားတာကို ကြားယောင်နေမိပါသည်။

ကျွန်မလည်း ငယ်စဉ်က မော်လမြိုင်မှ မုတ္တမ၊ မုတ္တမမှ မော်လမြိုင်သို့ လေး,ငါးခါသာ ကူးတို့ဖြင့် ဖြတ်သွားခဲ့ဖူးပါသည်။ သာယာလှပသော ခေါင်းဆေးကျွန်းနှင့် မြစ်အတွင်းမှ ရှုခင်းများကိုခံစားမိပါသည်။ သို့သော် ဆိပ်ကမ်းမှာ ပြေးတက်ပြေးဆင်း ရသည့်ဒုက္ခ၊ တစ်ခါတစ်ရံ တိုးဇော့ရောင်တိမ်းရ၍ ဇောတံတားမှ ရေထဲပြုတ်ကျသွားမည်ကို စိုးရိမ်ရသည့် သောကများ ကင်းဝေးချင်သည်။ တစ်ခါက အင်ဂျင်နီယာကြီး တစ်ယောက်အား "ဦးဦးရယ် ဒီသံလွင်မြစ်ကြီးကိုဖြတ်ပြီး တံတားဆောက်လို့ ရမလားဟင်"ဟု မေးခဲ့ဖူးပါသည်။ အင်ဂျင်နီယာကြီးက "သံလွင်မြစ်ဟာ ကျယ်လည်းကျယ်တယ်၊ ရေစီးလည်း မြန်တယ်၊ အချို့နေရာမှာ နက်တဲ့ဝဲတွေလည်းရှိတယ်။ ဒါပေမယ့် နည်းပညာတွေ ထွန်းကားပြီး စီးပွားရေး ဖွံ့ဖြိုးလာတဲ့ အချိန်ကျတော့လည်း တံတားဆောက်မှာပေါ့ကွာ"ဟု ပြောခဲ့ပါသည်။

သံလွင်မြစ်ကူး တံတားကြီး အမြန်ဆောက်နိုင်ပါစေဟု ဆုတောင်းခဲ့ရသည်။ ထို့အတူ ကျွန်မ အမြဲအိပ်မက်မက်ခဲ့ရပါသည်။ တက္ကသိုလ်တက်တော့ ကျွန်မအင်ဂျင်နီယာလုပ်ချင်ပါသည်။ မေမေကခွင့်မပြုခဲ့။ သူငယ်ချင်းယောကျ်ားလေးများကို အင်ဂျင်နီယာလုပ်ရန် တိုက်တွန်းခဲ့ရသည်မှာ အမော။ အိပ်မက်ဆိုသည်မှာ သွေးသားကြောင့်လည်းကောင်း၊ စိတ်လှုပ်ရှား၍လည်းကောင်း၊ အစာအသောက်ကြောင့်လည်းကောင်း မက်တတ်သည်ဟု ဆိုကြသော်လည်း ကျွန်မ အိပ်မက်က တကယ့်အိပ်မက်။ **နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် မြန်မာအင်ဂျင်နီယာကြီးများက စုပေါင်းဆောင်ရွက်သဖြင့် နေ့ချင်းညချင်း ရုပ်လုံးပေါ်လာသည်။ သံလွင်တံတား (မော်လမြိုင်)တည်ဆောက်မှုအခြေအနေများ၊ နိုင်ငံ့အကြီးအကဲများ မကြာခဏ သွားရောက်စစ်ဆေးပြီး လိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြပုံများကို သတင်းစာများနှင့် ရုပ်မြင်သံကြားမှ ကျွန်မ ဖတ်ရှုသိမြင်ခဲ့ရသည်။ ကျွန်မ အလွန်အားရ ကျေနပ်မိသည်။ ဂုဏ်ယူမိသည်။ ကျေးဇူးတင်မိသည်။ ကျွန်မ၏ အိပ်မက်သည် အမှန်တကယ်ပင် ဖြစ်လာပေပြီ။ တိတိကျကျ အိပ်မက်တစ်ခုပင်။**

ကျွန်မ၏ အိပ်မက်တံတား (သို့) သံလွင်တံတား (မော်လမြိုင်) ပြီးစီးသွားပါက မော်လမြိုင်မှ ရန်ကုန်သို့ ခရီးလမ်း အလွန်တိုတောင်းပြီး အချိန်ကုန် လူပန်းသက်သာစေမည်။ လမ်းပန်းဆက်သွယ်မှု မြန်ဆန် ချောမွေ့ကာ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်မိပါသည်။ လူနေမှုဘဝ ပိုမိုမြင့်မားလာပေမည်။ ကျွန်မပျော်မိသည်မှာ အတိုင်းအဆမရှိ။ ကျွန်မတို့ မိသားစုအားလုံး နှစ်ပေါင်းလေးဆယ်ကျော် ခွဲခွာနေရသော မော်လမြိုင်ကို အရောက်လာခဲ့ပါဦးမည်။ ယခုမှစ၍ မော်ရွှေမြိုင်ကို မှန်းမျှော်ကြည့်မိသည်။ သာယာလှပသော၊ ကြည်နူးစရာကောင်းသော၊ ငြိမ်းချမ်းသော သံလွင်မြစ် ရေပြင်ပေါ်မှ သံလွင်တံတား (မော်လမြိုင်)ကို ဖြတ်ကျော်၍ ခရီးသွားရမည်ကို အားရကျေနပ်မိသည်။ ဂုဏ်ယူမိသည်။ အားလုံးကို ကျေးဇူးတင်နေမိသည်မှာ အမှန်ပါ။ နိုင်ငံ့အကြီးအကဲများ၏ ဦးဆောင်မှုသည် တကယ်လေးစားထိုက်ပါသည်။

သံလွင်တံတား(မော်လမြိုင်) ဆောက်လုပ်ပြီးစီးမှုကို ကြိုဆိုရင်း တံတားကြီးပြီးစီးပါက ကျွန်မ ငယ်စဉ်က ဖူးမြော်ခဲ့ရသော မဟာမြတ်မုနိ၊ ကျိုက်သလ္လန်၊ ဦးဇိန၊ ဦးခန္တီဘုရားစေတီများကိုလည်းကောင်း၊ ကြည်ညိုကိုးကွယ်ခဲ့သော စိန်မမကျောင်းတိုက်နှင့် ပိဋကတ်တိုက်ကျောင်းမှ ဆရာတော်ကြီးများအားလည်းကောင်း၊ ရိုသေခဲ့ရသော ဆရာသမားများကိုလည်းကောင်း၊ ပညာသင်ခဲ့ရသော ကျောင်းနှင့် ရင်းနှီးကျွမ်းဝင်သော ကျောင်းနေဖက် သူငယ်ချင်းများနှင့် အိမ်နီးချင်းများအားလည်းကောင်း တွေ့ဆုံဖို့ စိတ်ကူးရင်း ကြိုတင်ပီတိဖြာဝေနေမိသည်။ ကျွန်မတို့ ကြိုက်နှစ်သက်သော တညင်းသီး၊ ဒူးရင်းသီး၊ မင်းဂွတ်သီး၊ ကြက်မောက်သီးစသည့် သစ်သီးများကို စိတ်ကြိုက်စားသောက်ပြီး "အားပါး...ကောင်းမှကောင်း အမေရေ"ဟု ပြောဆိုနိုင်ပေတော့မည်။

သံလွင်တံတား (မော်လမြိုင်)အား ဆောက်လုပ်ပေးလျက်ရှိကြသည့် အင်ဂျင်နီယာများနှင့် အဖွဲ့ကိုလည်း "အားပါး...တော်မှတော် အမေရေ"ဟု ပြောဆိုရင်း ချီးကျူးထောမနာ ပြုလိုပါသည်။

မြန်မာနယူးစ်ဂေဇက် အတွဲ(၁)၊ အမှတ်(၃)ဖြန့်ချီ

ရန်ကုန် မေ ၃၁

အယ်ဒီတာချုပ် ကိုကို(စက်မှုတက္ကသိုလ်)တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၃)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

နိုင်ငံရပ်ခြားကို ကိုယ်ပိုင်ရုပ်ရှင်တိုလေးတွေပို့မလား၊ ရွှေတွင်းများ၌ ဆိုင်ယာနိုက်သုံးခြင်းတားမြစ်၊ ရေသတ္တဝါများ၏အခွံမှ ခိုင်တိုစန်ပေါ်လီမာ စီးပွားဖြစ်ထုတ်နိုင်၊ ကုန်သွယ်ရေးအားကောင်းနေသည့် မောင်းတော၊ နှစ်ဆယ့်တစ်ရာစုသည် အိန္ဒိယရာစုဖြစ်စေရမည်ဟု ဝန်ကြီးချုပ်သစ်ကြုံးဝါး၊ ထိုင်းဘောလုံးလောက လီဗာပူးရှယ်ယာပိုင်ရုံနှင့် အကျိုးထူးကြီးရဖွယ်မရှိ၊ အဲအေးရှားအရင်းကျေလုနီးပြီစသည့် ပြည်တွင်းပြည်ပ စီးပွားရေး သတင်းနှင့် ဆောင်းပါးများ၊ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်စည်သတင်းစုံလင်စွာဖြင့် e-Empire Media House၊ ဖုန်း-၇၀၃၈၀၃က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။(က-ပ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်တာဝါအမှတ် ၂၁၂တိုက်(အေ) အခန်း ၅၀၃နေ ကွယ်လွန်သူ ဦးအုန်းဖေအားရည်စူးပြီး (ဇနီး)ဒေါ်ကျင်မေ သားသမီးမြေးတစ်စုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်းသို့ မေ ၂၅ရက်က ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၃၁-၅-၂၀၀၄)

ပူတာအို - ၃ ဒသမ ၁၅ လက်မ
ပုသိမ် - ၂ ဒသမ ၀၁ လက်မ
ရန်ကုန်
(မြို့လယ်) - ၁ ဒသမ ၉၇ လက်မ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ယမိုက်+ပဋ္ဌာန်းအထူးသင်တန်းဆင်းပွဲ တက်ရောက်ကြည်ညို

ရန်ကုန် မေ ၃၁

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်၌ဖွင့်လှစ်ခဲ့သည့် နွေရာသီ ယမိုက်+ပဋ္ဌာန်း အထူးသင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီခွဲတွင် အဆိုပါစာသင်တိုက်ရှိ အာဟာရဒါယီ နှစ်ထပ်ဆွမ်းစားကျောင်းဆောင်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညိုပူဇော်သည်။

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒဝံသ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တ ကောသလအမှူးပြုသော ဆရာတော် သံဃာတော်များ၊ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် တပည့်ဒါယကာ၊ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။ ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တ ကောသလထံမှ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ သင်တန်းနည်းပြ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသက သင်တန်းဆိုင်ရာနှင့် စပ်လျဉ်း၍ ရှင်းလင်းမိန့်ကြားတော်မူသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သင်တန်းသား အမှတ်(၁၇၂) မွန်ပြည်နယ် ရေးမြို့နယ်မှ ဘဒ္ဒန္တ ပညာသာမိက သင်တန်းသား၊ သင်တန်းသူများကိုယ်စား ကျေးဇူးတင် စကားပြန်လည်လျှောက်ထားသည်။

လက်မှတ်ချီးမြှင့်

ဆက်လက်၍ နွေရာသီ ယမိုက်+ပဋ္ဌာန်းအထူးသင်တန်း သင်တန်းနည်းပြဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသက သင်တန်းသား အမှတ်(၁၄၁) အိန္ဒိယနိုင်ငံမှ သင်တန်းသား ရဟန်းတော် ဘဒ္ဒန္တတိဿဓမ္မနှင့် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသား အမှတ်(၅၆) ဘဒ္ဒန္တကောသရအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ကနွေရာသီ ယမိုက်+ပဋ္ဌာန်း အထူးသင်တန်းကြီး၏ သင်တန်းဖွင့်ပွဲ၊ ဆင်းပွဲ ဆွမ်းအလှူရှင် ရန်ကုန်တိုင်း မ-ထ-သ မိသားစုအားလည်းကောင်း၊ သုံးရက်တာ ဆွမ်းအလှူရှင် (ဦးချစ်ဝင်း) ဒေါ်မြမြ သားသမီး၊ မြေးတစ်စုတို့အား လည်းကောင်း၊ တစ်နေ့တာဆွမ်းအလှူရှင် ဦးကျင်စိန်-ဒေါ်နီနီအေး သမီး မမော်လီလင်းတို့အား လည်းကောင်း၊ နေ့ဆွမ်းလေးပတ်အလှူရှင်များ ဖြစ်ကြသော ရွာမအနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရွာမအလယ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဈေးကုန်းအရှေ့ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဈေးကုန်းအနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပိန္နဲကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့သစ်က/ခ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့အား လည်းကောင်း၊ နေ့ဆွမ်းသုံးပတ်အလှူရှင်များဖြစ်ကြသော ပေါက်တောရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကွက်သစ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကမ်းနားအလယ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကမ်းနားအနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ နံ့သာကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရွာမအရှေ့ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဖော့ကန်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့အား လည်းကောင်း ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရွှေဘိုဆရာတော် ဘဒ္ဒန္တ ဝိမလာဘိဝံသက ရေစက်ချ အနုမောဒနာတရားချီးမြှင့်တော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အဆိုပါ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် နွေရာသီယမိုက်+ပဋ္ဌာန်းအထူးသင်တန်းသို့ ပြည်နယ်နှင့်တိုင်းအသီးသီးမှ သင်တန်းသားရဟန်း၊ သာမဏေအပါး ၇၅၀၊ သင်တန်းသူသီလရှင် ၄၅ပါးနှင့် လူပုဂ္ဂိုလ်ငါးဦး စုစုပေါင်း ၈၀၀ တက်ရောက် သင်ကြားတော်မူခဲ့ကြသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးရှိ အမှတ်(၁၀)အခြေခံပညာ အလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးနေမှုတို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူတို့အား မှာကြားသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၃၀ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်၌ ဖွင့်လှစ်ခဲ့သည့် နွေရာသီ ယမိုက်+ပဋ္ဌာန်း အထူးသင်တန်းဆင်းပွဲအခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မေ ၃၀ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်၌ ဖွင့်လှစ်ခဲ့သည့် နွေရာသီ ယမိုက်+ပဋ္ဌာန်း အထူးသင်တန်းဆင်းပွဲ အခမ်းအနားတွင် နွေရာသီ ယမိုက်+ပဋ္ဌာန်း အထူးသင်တန်း သင်တန်းနည်းပြဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသက သင်တန်းသား အမှတ်(၁၄၁) အိန္ဒိယနိုင်ငံမှ သင်တန်းသား ရဟန်းတော် ဘဒ္ဒန္တတိဿဓမ္မအား သင်တန်းဆင်း လက်မှတ် ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၃၀ ရက်က အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးရှိ အမှတ်(၁၀) အခြေခံပညာအလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝံသာနုသတင်းလွှာ အတွဲ(၁၃)၊ အမှတ်(၁၁)ထုတ်ဝေ

ရန်ကုန် မေ ၃၁

ကျင်းပဆဲ အမျိုးသားညီလာခံနှင့် ညီလာခံကိုယ်စားလှယ်များအား ဂုဏ်ပြုကြိုဆိုသော မျက်နှာဖုံးပုံရိပ်ဖြင့် "ဝံသာနု"သတင်းလွှာ အတွဲ(၁၃)၊ အမှတ်(၁၁)ကို ယနေ့ထုတ်ဝေလိုက်ကြောင်း သိရသည်။

"ဝံသာနု"သတင်းလွှာတွင် ရှေးဟောင်းကျောက်ခေတ်လူသားများနေထိုင်ခဲ့ရာ လင်းနို့ဂူ၊ ရခိုင်ပြည်နယ်မှ မိုးဦးလေဦးနှင့် လေပြင်းမုန်တိုင်း၊ သီလဝါကျေးရွာမှ တရားမဝင်အကောက်ခွန်မဲ့ ပစ္စည်းများ၊ ပလက်ဖောင်းပေါ် ဆင်ဆာမဲ့ ဗီစီဒီရောင်းချသူများ ရှာဖွေဖမ်းဆီး၊ မန္တလေးတိုင်း ဒုဋ္ဌဝတီမြစ်ရိုးတစ်လျှောက်နှင့် ဧရာဝတီမြစ်ရိုးတစ်လျှောက်မှ တရားမဝင်သစ်များနှင့် သစ်စက်အင်ဂျင်များ၊ ဘိလိယက်ခုံကစတဲ့ရန်ပွဲ လူတစ်ဦးသေဆုံး၊ မော်လမြိုင်တွင် အချိုရည်အတုများဖမ်းဆီး၊ ပိုင်ရှင်ပျောက်နေသော ဓာတ်ဆီနှင့် ဒီဇယ်ဆီအိတ်များ၊ မြန်မာတွေ စည်းကမ်းရှိဖို့ အချိန်တန်ပါပြီ(၄)စသော ပြည်တွင်းသတင်းများနှင့် ဆောင်းပါးများအပါအဝင် အမေရိကန်အကျဉ်းထောင်အာဏာပိုင်တို့၏ ထူးထွေသည့်အံ့ဖွယ်လုပ်ရပ်၊ အမေရိကန်နှင့်အပါင်းပါတို့ ထိတ်လန့်တုန်လှုပ်သွားသော ဘင်လာဒင်၏ အသံသွင်းတိပ်ခွေ၊ အမေရိကန်သမ္မတဘုရှ်နှင့် မက္ကဆီကိုသမ္မတတို့အား မက္ကဆီကို ပြည်သူများဆန္ဒပြဆန့်ကျင်၊ နာဂျက်ဖ်အီရတ်ပြောက်ကျားများ အမေရိကန်နှင့် အပေါင်းပါတို့ကို အပြင်းအထန်တိုက်ခိုက်နေ၊ ပြည်တော်ပြန်အကြမ်းဖက်သမားလေးဦး၊ ဝီလျံနှင့်သူ၏ချစ်သူ၊ ဘုရင်မကြီးချစ်တဲ့ ခွေးမချော၊ အပြိုးကိုယ်စီနှင့် မယ်စကြဝဠာလောင်းများစသည့် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ၊ အမှတ်(၄၁)၊ ၂၉ လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ (က-ပ)

သာသနဒ္ဓဇ အာဇာနည် တိပိဋကဓရ တိပိဋကကောဝိဒ အရှင်သုန္ဒရအားဂုဏ်ပြုပူဇော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညို

ရန်ကုန် မေ ၃၁

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သာသနဒ္ဓဇအာဇာနည် တိပိဋကဓရ တိပိဋကကောဝိဒ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် အရှင်သုန္ဒရအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် သင်္ဃန်းကျွန်းမြို့နယ် (၁၆)ရပ်ကွက် အပိုင်း(၂)ရှိ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ဓမ္မာရုံကြီး၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညို၍ သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရနှင့် နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ ဩဝါဒါစရိယ အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မော်လမြိုင်မြို့ ဝဲပုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိဇယာဘိဝံသ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရသာသနဒ္ဓဇအာဇာနည် တိပိဋကဓရ တိပိဋက ကောဝိဒ သင်္ဃန်းကျွန်းမြို့နယ် စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် အရှင်သုန္ဒရ အမှူးပြုသော ဆရာတော် သံဃာတော်များနှင့် သာသနဒ္ဓဇယ်ဝင်သီလရှင်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက် အကျိုးတော်ဆောင်အဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စွန်းလွန်း ယောဂီဝတ်အဖွဲ့ဝင်များနှင့် တပည့် ဒါယကာ ဒါယိကာမ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

သီကျူးပူဇော်

အစီအစဉ်အရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သာသနဒ္ဓဇ အာဇာနည် တိပိဋကဓရ တိပိဋက ကောဝိဒ စွန်းလွန်းဂူ ဝိပဿနာ ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် အရှင်သုန္ဒရအား ဘွဲ့တံဆိပ်တော် အဆောင်အယောင်များနှင့်တကွ အကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးဝါရိန်နှင့် အဖွဲ့ဝင်များက ချီးကျူးဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကျင်းပမည့် ဓမ္မာရုံကြီးသို့ ပင့်ဆောင်ကြရာ တေးသံရှင် စိုးစန္ဒာထွန်းက ထူးမခြားနား ရောင်ခြည်တော်ဖွင့် သီချင်းဖြင့် သီကျူးပူဇော်သည်။

ထို့နောက် နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ သရက်ဆရာတော်ဘဒ္ဒန္တ ကေသရထံမှ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သာသနဒ္ဓဇ အာဇာနည် တိပိဋကဓရ တိပိဋက ကောဝိဒ စွန်းလွန်းဂူ ဝိပဿနာ ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော်အရှင်သုန္ဒရ၏ ထေရုပ္ပတ္တိ အကျဉ်းကို အကျိုးတော်ဆောင်အဖွဲ့ နာယက ဦးအောင်ရင်က ဖတ်ကြား လျှောက်ထားသည်။

ယင်းနောက် သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သာသနဒ္ဓဇ အာဇာနည် တိပိဋကဓရ တိပိဋက ကောဝိဒ စွန်းလွန်းဂူ ဝိပဿနာ ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် အရှင်သုန္ဒရက ချီးကျူး ဂုဏ်ပြုပူဇော်ရခြင်း အကျိုးနှင့်စပ်လျဉ်း သည့် အနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့်တော်မူသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ သရက်ဆရာ တော် ဘဒ္ဒန္တကေသရနှင့် သာသနာ တော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သာသနဒ္ဓဇ အာဇာနည် တိပိဋကဓရ တိပိဋက ကောဝိဒ စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အရှင်သုန္ဒရတို့ အား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက်တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ က ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)



ဆက်ကပ် လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၃၀ရက်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သာသနဒ္ဓဇအာဇာနည် တိပိဋကဓရ တိပိဋကကောဝိဒ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် စွန်းလွန်းဂူ ဝိပဿနာ ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် အရှင်သုန္ဒရအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားတွင် ဆရာတော် အရှင်သုန္ဒရအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❒ အမျိုးသားညီလာခံမှ

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လုံခြုံရေးကို အလေးပေးဆောင်ရွက်ရေးကိစ္စ၊ အစုအဖွဲ့အစည်းအဝေးများကျင်းပခြင်းကိစ္စ၊ ကိုယ်စားလှယ်အစုအဖွဲ့ အလိုက်စာတမ်းများပြုစုခြင်းကိစ္စ၊ စုံညီအစည်းအဝေးများကျင်းပခြင်းကိစ္စ၊ ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ညီလာခံကိုယ်စားလှယ်များ၏ ကျန်းမာရေးကိစ္စ၊ ကိုယ်စားလှယ်များ၏ စားသောက်ရေးကိစ္စ၊ အားကစားလှုပ်ရှားမှုပြုလုပ်ရေးကိစ္စနှင့် ကိုယ်စားလှယ်များ စာအုပ်စာတမ်းများဖတ်ရှုလေ့လာနိုင်ရေးကိစ္စ စသည်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံကိစ္စများ၊ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက အစုအဖွဲ့နှင့်စုံညီအစည်းအဝေးများ ကျင်းပခြင်းကိစ္စနှင့်စပ်လျဉ်း၍လည်းကောင်း၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ကိုယ်စားလှယ်များ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် အခြားအုပ်ချုပ်မှုဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အကြံပြုဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆွေးနွေးတင်ပြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမျိုးသား ညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ် လွန်းမောင် ဆွေးနွေးတင်ပြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး ဆွေးနွေးတင်ပြစဉ်။

(သတင်းစဉ်)

ဟာသဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၃၁

ကာတွန်းမြင့်သိန်း၏ မျက်နှာဖုံး ကာတွန်းနှင့် ငွေကြည်၏ ဇော်ဝင်း(၂) ကာတွန်းဇာတ်လမ်းအပါအဝင် ဆရာ သာဂဒိုး၊ ဆရာ ဆင်ဖြူကျွန်း အောင်သိန်း၊ ဆရာကာတွန်း ဦးဗက လေး၊ မြေဇာ၊ ကာတွန်းမြင့်စိုးလေး၊ သုဝဏ္ဏကျော်စိန်၊ ဆြာကြီးထိန်၊ တေးသံရှင်ကြည်အောင်၊ တွတ်တွတ်၊ မိုးကြိုးဗေဒင်၊ မောင်ဉာဏ်ကျယ်၊ တနိုင်ခ၊ လေရူး၊ အောင်ဟိန်း(ရေဦး)၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ ကိုအောင် ငွေသိမ်းတို့၏ ဟာသအတွေး၊ အရေးများဖြင့် "ဟာသ"ဂျာနယ်" အတွဲ(၂)၊ အမှတ်(၄၃)ကို ဝါမိုးအောင်စာပေ အမှတ် (၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁-၆-၂၀၀၄ (အင်္ဂါနေ့)

၁၃၆၆ခုနှစ်၊ နယုန်လဆန်း(၁၄)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်

၈:၁၀ ၆။ အကပြိုင်ပွဲ

၈:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Grammer Made Easy.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everyday Use.

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)

၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၅:၃၀ ၇။ အိမ်တွင်းမှုသိပ္ပံ တိုင်းရင်းသားရိုးရာ အစားအစာ (မွန်)

၅:၃၅ ၈။ ခံစားနားဆင်တေးဇာတ်ဝင်

၅:၄၅ ၉။ သားငါးဖွံ့ဖြိုးပြည့်အကျိုး

၅:၅၅ ၁၀။ ဆိုကြမယ်၊ ပျော်ကြမယ်

၆:၃၀ ၁၁။ ညနေခင်းသတင်း

၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၃။ တိတ်ဆိတ်ငြိမ်းချမ်း စိတ်ချမ်းမြေ့စရာ ဓမ္မစွမ်းရည် သာသနာ့ရိပ်သာ

၇:၂၀ ၁၄။ ကြေးမုံရိပ်သွင်တေးနယ်ဉ်

၇:၃၀ ၁၅။ ကွမ်းလုံခရိုင် ဒေသဖွံ့ဖြိုးရေး အစီအစဉ် (ဘိန်းအစားထိုးသီးနှံ ရော်ဘာစိုက်ပျိုးခြင်းလုပ်ငန်း)

၇:၄၀ ၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်

၈:၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း-၄၂)**

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။အစီအစဉ်ပြီး၏။

ရေကြောင်းရဲညွှန့်လောင်းသင်တန်း (စစ်တွေစခန်း)သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၃၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ)တို့ ပူးပေါင်းညှိနှိုင်းဖွင့်လှစ်သော တပ်မတော်(ရေ) ရေကြောင်းရဲညွှန့်လောင်းသင်တန်း (စစ်တွေစခန်း) အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၄)နှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၀၄) သင်တန်းများ ဆင်းပွဲကို မေ ၂၈ရက် နံနက် ၈နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပရာ အခမ်းအနားသို့ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးသန်းထွန်းအောင်၊ ဓညဝတီရေတပ်စခန်း ဌာနချုပ်မှ ဗိုလ်မှူးကြီး အောင်သော်နှင့် တပ်မတော် အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီး သန်းထွန်းအောင်နှင့် ဓညဝတီ ရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးကြီးအောင်သော်တို့က အမှာစကား အသီးသီး ပြောကြားကြသည်။

ထို့နောက် ဗိုလ်မှူးကြီး သန်းထွန်းအောင်က ထူးချွန်ဆု ရရှိကြသော သင်တန်းသားများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်၍ ဗိုလ်မှူးကြီး အောင်သော်က သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ပြီးနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၃၀ရက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေးကုမ္ပဏီတို့ အကျိုးတူ ပူးပေါင်းတည်ဆောက်သည့် မင်းခမ္မလမ်းပေါ်ရှိ ရွှေကမ္ဘာအဆင့်မြင့် အိမ်ရာစီမံကိန်းအပိုင်း(၁)ဖွင့်လှစ်ခြင်းအခမ်းအနားတွင် ရွှေကမ္ဘာအိမ်ရာစီမံကိန်းမော်ကွန်း ကျောက်ပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

● **နိုင်ငံတော်ဝန်ကြီးချုပ်မှ** အသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ရွှေကမ္ဘာမောင်မောင်ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဘင်ခရာပန်းဖွားအဖွဲ့ဝင် ကျောင်းသား၊ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်

အစီအစဉ်အရ ရှေးဦးစွာ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က "ရွှေကမ္ဘာအိမ်ရာ" စီမံကိန်း ကမ္ပည်းမော်ကွန်း ကျောက်ပြားကိုစက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာတို့ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရွှေကမ္ဘာမောင်မောင်ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်မောင်တို့က ရွှေကမ္ဘာ အဆင့်မြင့်အိမ်ရာစီမံကိန်း အပိုင်း(၁)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ရွှေကမ္ဘာ အဆင့်မြင့်အိမ်ရာစီမံကိန်း အပိုင်း(၁)ရှိ နှစ်ထပ်လုံးချင်းအိမ်ရာနှင့် အထပ်မြင့်အိမ်ရာများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ရွှေကမ္ဘာအိမ်ရာစီမံကိန်း အပိုင်း(၁) မြေညီထပ်ရှိ SCT လျှပ်စစ်ပစ္စည်းအရောင်းခန်းမဖွင့်ပွဲကို ဆက်လက်ကျင်းပရာ အစီအစဉ်အရ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ရန်ကုန်တိုင်း လျှပ်စစ်အင်ဂျင်နီယာဦးလှပိုင်နှင့် SCT Holdings Electrical Pte. Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Chon Wen Quan တို့က SCT လျှပ်စစ်ပစ္စည်း အရောင်းဆိုင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက SCT လျှပ်စစ်ပစ္စည်းအရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် SCT လျှပ်စစ်ပစ္စည်းအရောင်းဆိုင်အတွင်း စက်ရုံအလုပ်ရုံသုံးလျှပ်စစ်ပစ္စည်းများ၊ ဟိုတယ်နှင့်ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းသုံး လျှပ်စစ်ပစ္စည်းများနှင့် ရုံးသုံး၊ အိမ်သုံး လျှပ်စစ်ပစ္စည်း အမျိုးပေါင်း ၅၀ ကျော်ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ရွှေကမ္ဘာ အဆင့်မြင့်အိမ်ရာစီမံကိန်း အပိုင်း(၁) ဖွင့်လှစ်ပွဲ အစီအစဉ်ကို မင်္ဂလာမဏ္ဍပ်၌ဆက်လက်ကျင်းပရာ ရှေးဦးစွာ ရွှေကမ္ဘာ ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်မောင်က ရွှေကမ္ဘာအိမ်ရာစီမံကိန်း အပိုင်း(၁)၊ အပိုင်း(၂)နှင့် အပိုင်း(၃) တည်ဆောက်ရေးဆိုင်ရာတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ယနေ့ဖွင့်လှစ်သည့် ရွှေကမ္ဘာ အဆင့်မြင့် အိမ်ရာစီမံကိန်း အပိုင်း(၁)တွင် နှစ်ထပ်လုံးချင်းတိုက် ၁၂လုံး၊ နှစ်ခန်းတွဲခြောက်ထပ်တိုက်နှစ်လုံး ၂၄ခန်းနှင့် နှစ်ခန်းတွဲ ငါးထပ်တိုက် လေးလုံး (အခန်း၄၀) တို့ပါဝင်ပြီး ခြောက်ထပ်တိုက်၏ မြေညီထပ်မျက်နှာစာတွင် အသင့်ဝယ်ယူအသုံးပြုနိုင်သည့် လျှပ်စစ်ပစ္စည်းအရောင်းဆိုင် တစ်ဆိုင်လည်း ပူးတွဲပါရှိသည်။

ဆက်လက်၍ အိမ်ရာစီမံကိန်း အပိုင်း(၂)တွင် နှစ်ခန်းတွဲ ရှစ်ထပ်တိုက် လေးလုံး၊ နှစ်ခန်းတွဲ ငါးထပ်တိုက် ရှစ်လုံးနှင့် နှစ်ထပ်လုံးချင်းတိုက် ၁၀ လုံးကိုလည်းကောင်း၊ စီမံကိန်း အပိုင်း(၃)တွင် ၁၂ထပ် Twin Tower တစ်လုံး၊ နှစ်ခန်းတွဲ ရှစ်ထပ်တိုက် နှစ်လုံးနှင့် နှစ်ခန်းတွဲ ငါးထပ်တိုက် လေးလုံးတို့ကို လည်းကောင်း တည်ဆောက်သွားမည်ဖြစ်ပြီး စီမံကိန်းအပိုင်း သုံးခုစလုံး၏ စုစုပေါင်းအကျယ်အဝန်းမှာ ၇ ဒသမ ၄ ဧကရှိကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေးကုမ္ပဏီတို့ အကျိုးတူပူးပေါင်းတည်ဆောက်သည့် မင်းခမ္မလမ်းပေါ်ရှိ ရွှေကမ္ဘာအဆင့်မြင့်အိမ်ရာများကို တွေ့ရစဉ်။ (သတင်းစဉ်)

အခြေခံပုံနှိပ်အတတ်ပညာ သင်တန်းဆင်းပွဲကျင်းပ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း အမှာစကားပြောကြား

ရန်ကုန် မေ ၃၁

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကြီးမှူးဖွင့်လှစ်ခဲ့သော အခြေခံပုံနှိပ်အတတ်ပညာ သင်တန်း အမှတ်စဉ်(၁/၂၀၀၄)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောင်ဆန်းရှိ ဂျီတီစီပုံနှိပ်စက်ရုံ သင်တန်းခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းတွင်ထူးချွန်ဆုရရှိကြသူများအား ထူးချွန်ဆုများ ချီးမြှင့်ကာ သင်တန်းဆင်းလက်မှတ်များချီးမြှင့်သည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အကြံပေးပုဂ္ဂိုလ်နှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရည်ရွယ်ချက်လေးရပ်

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကားပြောကြားရာတွင် အခြေခံပုံနှိပ်အတတ်ပညာကို စနစ်တကျတတ်ကျွမ်းစေရန်၊ ဝန်ထမ်းများ စိတ်ပိုင်းဆိုင်ရာနှင့် ကျွမ်းကျင်မှုအရည်အသွေးမြင့်မားစေရန်၊ ဌာနဆိုင်ရာ အခြေခံအတတ်ပညာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အနာဂတ်အတွက် ကြိုတင်ပြင်ဆင် အဆင်သင့်ဖြစ်စေရန် ဟူသည့် ရည်ရွယ်ချက် လေးရပ်ဖြင့် အခြေခံပုံနှိပ် အတတ်ပညာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေခြင်း ဖြစ်ကြောင်း။

သင်တန်းသား၊ သင်တန်းသူများ အနေဖြင့် သင်တန်းကပို့ချသင်ကြားပေးလိုက်သော အတတ်ပညာ၊ အသိပညာ၊ နည်းပညာများကို ယုံကြည်မှုအပြည့်ဖြင့် တန်ဖိုးထားပြီး မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းနယ်ပယ်၌ ထူးချွန်ထက်မြက်အောင် လုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက သင်တန်းတွင် ထူးချွန်ဆုရရှိကြသော ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးမြင့်အောင်၊ ဒုတိယဆုရ ဂျီတီစီပုံနှိပ်စက်ရုံမှ ဦးကျော်ချစ်စိုးနှင့် တတိယဆုရ တနင်္သာရီတိုင်း မြိတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးမင်းလွင်ဦးတို့အား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးမြင့်အောင်က လက်ခံ၍ သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၈ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ဖြစ်သည်။

လိုက်လံကြည့်ရှု

သင်တန်းဆင်းပွဲအပြီးတွင် ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများနှင့်အတူ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဂျီတီစီပုံနှိပ်စက်ရုံ၏ ပုံနှိပ်ရေးလုပ်ငန်းများနှင့် ထုတ်လုပ်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ကြီးမှူးဖွင့်လှစ်ခဲ့သော အခြေခံ ပုံနှိပ်အတတ်ပညာသင်တန်း အမှတ်စဉ် (၁/၂၀၀၄) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆေးလိပ်သောက်ခြင်း၊ ကွမ်းဆေးစားခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရောဂါမျိုးစုံအတွက် ကုန်ကျစရိတ်ကြီးမား

▲ **ရှေ့ဖုံးမှ**

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားများကို ၁၉၈၉ခုနှစ်မှစ၍ နှစ်စဉ် ကျင်းပလာခဲ့ကြောင်း၊ ယနေ့ ကျင်းပပြုလုပ်သည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားသည် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးသမိုင်းမှာ မှတ်တိုင်တစ်ရပ်အဖြစ် တည်ရှိမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးလုပ်ငန်းများ၏ တိုးတက်အောင်မြင်မှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ စောင့်ကြပ်ကြည့်ရှု သတိပြုမိသည်နှင့်အညီ ၂၀၀၄ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဆုကို မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးအား ချီးမြှင့်ခဲ့သည့်အတွက် ယနေ့ ကျင်းပပြုလုပ်သည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားသည် မင်္ဂလာကျက်သရေ အပေါင်းနှင့်ပြည့်စုံပြီး မြန်မာနိုင်ငံ ကျန်းမာရေးသမိုင်းတွင် မှတ်တိုင်တစ်ရပ်အဖြစ် တည်ရှိနေမှာဖြစ်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း အမျိုးမျိုးဖြစ်သည့် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ် စသည်တို့နှင့် ဆေးပါသော ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်း အစရှိသော ဆေးရွက်ကြီးထွက် ပစ္စည်းအမျိုးမျိုး သောက်သုံးခြင်းသည် လူငယ်လူရွယ်များနှင့် ပြည်သူတစ်ရပ်လုံးကို ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အန္တရာယ်အမျိုးမျိုး ကျရောက်စေနိုင်ကြောင်း အများ ပြည်သူများ သိမြင်သဘောပေါက် ရှောင်ကြဉ်နိုင်စေရန်အတွက် ကျန်းမာရေး ပညာပေးခြင်း လုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၀ပြည့်နှစ်မှစ၍ ဆေးလိပ်ကင်းဝေးရေး စီမံချက်အနေဖြင့် အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် သံတမန်များ၊ ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဂျီနီဗာရုံးချုပ်မှ ချီးမြှင့်သော ၂၀၀၄ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဆုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေ ကိုယ်စားလှယ် Dr.Stephan Jost က ပေးအပ်စဉ်။ (သတင်းစဉ်)

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက အမျိုးသား ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးကော်မတီတစ်ရပ်ကို ၂၀၀၂ခုနှစ်အတွင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ပြီး နီးနွယ်သော ဌာနဆိုင်ရာအကြီးအကဲများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများက အဖွဲ့ဝင်အဖြစ် ပါဝင်ကြကြောင်း၊ ဤအဖွဲ့ကြီး၏ ဦးဆောင်မှု၊ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုနှင့် ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လာနိုင်ခဲ့ကြောင်း။

ထင်ရှားသော မှတ်တိုင်များအနေနှင့် ၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလအတွင်းက အရှေ့တောင်အာရှဒေသ ဆေးလိပ်သောက်သုံးမှု ကင်းဝေးရေး အထိမ်းအမှတ် မီးရှူးတိုင် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ရောက်ရှိရပ်နားခဲ့ကြောင်း၊ မီးရှူးတိုင်ကို ပြည်သူတစ်ရပ်လုံးက ကြိုးကျယ်ခမ်းနားစွာ ကြိုဆိုခဲ့ကြပြီး မီးရှူးတိုင် ရပ်နားစဉ် ရက်သတ္တပတ် နှစ်ပတ်အတွင်း မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဆေးလိပ်အန္တရာယ် ကင်းဝေးရေး ပညာပေးလှုပ်ရှားမှုများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြကြောင်း၊ အဆိုပါ လှုပ်ရှားမှုများကြောင့် ပြည်သူလူထုအတွင်း ဆေးလိပ်အန္တရာယ်ကို ပိုမိုကျယ်ပြန့်စွာ သိရှိနားလည်လာကြပြီး ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့်လည်း ဆေးလိပ်အန္တရာယ် ပညာပေးလှုပ်ရှားမှုများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လာနိုင်ခဲ့ကြောင်း။

အမျိုးသားကျန်းမာရေးကော်မတီနှင့် အမျိုးသား ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးကော်မတီတို့၏ လမ်းညွှန်မှုဖြင့် ဆေးလိပ်ကြော်ငြာဆိုင်းဘုတ်များကို ၂၀၀၂ခုနှစ်တွင် ကန့်သတ်ပိတ်ပင်တားမြစ်ခဲ့ကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆေးလိပ်စီးကရက်ကြော်ငြာများကို ကန့်သတ်ပိတ်ပင်တားမြစ်ခဲ့ပြီး သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များအားလုံးတွင် ဆေးလိပ် ကြော်ငြာများ ထည့်သွင်းခွင့်မပြုတော့ကြောင်း၊ ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ စာသင်ကျောင်းများကို ဆေးလိပ်မသောက်ရ နယ်မြေများအဖြစ် သတ်မှတ်ထူထောင်ခဲ့ပါကြောင်း၊ ထို့ပြင် ကျောင်းသင်ရိုးညွှန်းတမ်းများတွင် ဆေးလိပ်အန္တရာယ်ပညာပေး သင်ခန်းစာများ ထည့်သွင်းသင်ကြားစေခဲ့ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် ရေးဆွဲခဲ့သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းရေးဆွဲရေးအဆင့်များတွင် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်များ အစဉ်တစိုက် တက်ရောက်ဆွေးနွေးခဲ့ကြသည့်အပြင် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှဒေသအတွင်း ညှိနှိုင်းအစည်း

သဝဏ်လွှာဖတ်ကြား

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေ ကိုယ်စားလှယ် Dr. Stephan Jost က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Sanlee Plianbang Chang ထံမှ ပေးပို့သော ၂၀၀၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

အဝေးကိုလည်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပြီး ရန်ကုန်ကြေညာစာတမ်းကို ထုတ်ပြန်ကြေညာနိုင်ခဲ့ကြောင်း၊ ယင်းကွန်ဗင်းရှင်းကို မြန်မာနိုင်ငံမှ ၂၀၀၃ခုနှစ် အောက်တိုဘာလ ၂၃ရက်တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ခုနှစ် ဧပြီ ၂၀ရက်တွင် အတည်ပြုခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို အတည်ပြုသည့် ၁၁နိုင်ငံမြောက် နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ဂုဏ်ယူဝင့်ကြွားဖွယ်ဖြစ်ခဲ့ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားများကို ဗဟိုအဆင့်တွင်သာမက ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်များတွင်ပါ နှစ်စဉ် ကျင်းပခဲ့ကြောင်း၊ ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်မှာ "ဆေးလိပ်ဆေးရွက် ရှောင်ကြဉ်မှ လူမှုဘဝ ချမ်းသာရ" (Tobacco Control and Poverty)ဖြစ်ကြောင်း၊ ဤဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုကြောင့် ကုန်ကျရသော စရိတ်စကများသည် ဝင်ငွေနည်းပါးသည့် အိမ်ထောင်စုများတွင် ဆင်းရဲချို့တဲ့မှု၏ အရင်းခံအကြောင်းတရားတစ်ရပ်ဖြစ်စေနိုင်ကြောင်း မီးမောင်းထိုးပြလိုခြင်းပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကျန်းမာရေးဦးစီးဌာနမှ ၂၀၀၄ခုနှစ်အတွင်း ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုနှင့် ဆင်းရဲချို့တဲ့မှု နီးနွယ်ခြင်းဆိုင်ရာ သုတေသနတစ်ရပ်ကို ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ သုတေသန တွေ့ရှိချက်များကို ယခုလ ၁၀ရက်တွင် အလုပ်ရုံဆွေးနွေးပွဲအသွင်ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ကြောင်း။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲမှုကြောင့် ရောဂါဖြစ်ပွားခြင်း၊ အရွယ်မတိုင်မီ စောစီးစွာ သေဆုံးကြရခြင်းတို့ကို မှတ်တမ်းမှတ်ရာများဖြင့် ကောင်းစွာမှတ်တမ်းတင်ထားကြသော်လည်း ဆေးလိပ်သောက်သုံးမှုနှင့် ဆင်းရဲချို့တဲ့မှုအကြား နီးနွယ်မှုကို အာရုံစိုက်မှု အားနည်းခဲ့ကြောင်း။

ကမ္ဘာ့အရပ်ရပ်မှာ ပြုလုပ်ထားသည့် သုတေသနများအရလည်းကောင်း၊ မြန်မာနိုင်ငံမှာ ဆောင်ရွက်ခဲ့သော သုတေသနများအရလည်းကောင်း၊ ဆေးလိပ်သောက်ခြင်း၊ ဆေးပါသော ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်း စသည့် အလေ့အထတို့ကို ဝင်ငွေနည်းပါးသော မိသားစုများမှာ ပိုမိုပြီး တွေ့ရှိရကြောင်း။

လူအများ နေ့စဉ်သုံးစွဲနေသော ဆေးလိပ်နှင့် ဆေးကွမ်းဖိုးကို အမှုမဲ့အမှတ်မဲ့ ရှိနေကြသော်လည်း စနစ်တကျ တွက်ချက်ကြည့်ပါက မိသားစု အသုံးစရိတ်ပေါ်တွင် များစွာထိခိုက်လာကြောင်း တွေ့ရှိရပါကြောင်း၊ ဆေးလိပ်နှင့် ကွမ်းဆေးဖိုး ကုန်ကျငွေကို မိသားစုဝင်များ အထူးသဖြင့် ကလေးသူငယ်များအတွက် အာဟာရဖြစ်မည့် ဆန်၊ ဆီ၊ ပဲ၊ ကြက်ဥ စသည်တို့အဖြစ် ပြောင်းလဲအသုံးပြုမည်ဆိုလျှင် မိသားစုအတွက် အာဟာရ ပိုမိုပြည့်ဝလာမည်ဖြစ်ကြောင်း။

စရိတ်စက ကြီးမား

ဆေးလိပ်နှင့် ကွမ်းဆေးဖိုး ကုန်ကျစရိတ်အပြင် ဆေးလိပ်သောက်သုံးခြင်း၊ ကွမ်းဆေးစားခြင်းကြောင့် ဖြစ်ပေါ်လာသည့် နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ ကင်ဆာရောဂါစသည့် ရောဂါမျိုးစုံအတွက် ကုန်ကျရသည့်စရိတ်စကများမှာလည်း ကြီးမားလှကြောင်း၊ ဆေးလိပ်စီးကရက်များကို အမှတ်တမဲ့ လွှင့်ပစ်ခြင်းကြောင့် ပေါ့ဆမီးမှ မီးလောင်ကျွမ်း၍ အသက်အိုးအိမ်၊ စည်းစိမ်များစွာ ဆုံးရှုံးရသည့် သာဓကများမှာလည်း အထင်အရှားရှိကြောင်း။

သို့ဖြစ်၍ ဆေးလိပ်သောက်ခြင်း၊ ကွမ်းဆေးစားခြင်း စသည်တို့သည် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနှောင့်အယှက် အဟန့်အတားတစ်ခု ဖြစ်နေကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ မီးမောင်းထိုးပြလိုသဖြင့် ယခုကဲ့သို့ ဆေးလိပ် ဆေးရွက် ရှောင်ကြဉ်မှ လူမှုဘဝ ချမ်းသာရဟူသော ဆောင်ပုဒ်ကို ရွေးချယ်သတ်မှတ်ရခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း ပြည်သူလူထုအတွင်း ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှုကြောင့် ဖြစ်ပေါ်စေသည့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ဘေးဒုက္ခအသွယ်သွယ်ကို ကျယ်ပြန့်စွာ သိရှိနားလည် ရှောင်ကြဉ်ထိန်းချုပ်နိုင်စေရန် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားများကို ဗဟိုအဆင့်တွင်သာမက ပြည်နယ်နှင့်တိုင်း အဆင့်များတွင်ပါ တစ်ပြိုင်နက်တည်း ကျင်းပသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အဆင့်မှာလည်း ဆေးလိပ်နှင့်ဆေးရွက်ကြီး သောက်သုံးမှုနှင့် နီးနွယ်သည့်ရောဂါများကြောင့် ကျန်းမာရေးကုန်ကျစရိတ် ပိုမိုကြီးမားခြင်း၊ ကုန်ထုတ်လုပ်အားဆုံးရှုံးခြင်း စသည့် နစ်နာဆုံးရှုံးမှုများစွာ ကြုံတွေ့ရကြောင်း၊ ဆေးလိပ်ဆေးရွက်ကြီးမှရရှိသော အခွန်အခများထက် ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှုကြောင့် နစ်နာရသည့် ပြည်သူ့ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဒုက္ခများနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုအန္တရာယ်များက ပိုမို၍ ကြီးမားကြောင်း၊ သို့ဖြစ်၍ ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်သည် ပြည်သူလူထုအတွင်းတွင်လည်းကောင်း၊ နိုင်ငံတော်အဆင့်တွင်လည်းကောင်း စီးပွားရေးအရ ထိခိုက်နစ်နာနေမှုကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ကြောင်း။

ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးမှုသည် ဝင်ငွေနည်းပါးသော မိသားစုဝင်များအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေသည့်အလျောက် မြန်မာနိုင်ငံအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးပစ္စည်းသောက်သုံးမှု ထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို အတည်ပြုပြီးသည့် အဖွဲ့ဝင်နိုင်ငံတစ်ခုအနေဖြင့် ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးသည့်ပြဿနာကို လျော့နည်းကျဆင်းစေမည့် နည်းလမ်းများကို ပိုမိုအားသွန်ခွန်စိုက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ပြည်သူလူထုအတွင်း ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ်ကို ပိုမိုကျယ်ပြန့်စွာ သိရှိနားလည်နိုင်စေရန်အတွက် ကျန်းမာရေးပညာပေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr. Stephan Jost က **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ●

☆ **အမျိုးသားညီလာခံမှ**

ထို့နောက် အလှည့်ကျသဘာပတိ ဦးမောင်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များအပေါ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးတင်ပြချက် စာတမ်းကို ယင်းတို့၏ကိုယ်စား ညီလာခံကိုယ်စားလှယ် ဦးသိန်းထွန်းက ဖတ်ကြားတင်ပြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး၌ အလှည့်ကျသဘာပတိ ဦးမောင်ကြီး ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးတွင် အလှည့်ကျသဘာပတိ ဦးဘိုသိန်းက ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးဘိုသိန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် စစ်ကိုင်းတိုင်းမှ ဦးခင်မောင်နှင့် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့ (၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၄၈ဦးလုံး ရာခိုင်နှုန်းပြည့် တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးဘိုသိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ စာတမ်းပြုစုရေး အဖွဲ့ငယ် (၂)မှ အကြံပြုရေးသားတင်ပြသည့် ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ၊ ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ အခွန်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်း စာတမ်းကို ဧရာဝတီတိုင်းမှ အလုပ်သမားကိုယ်စားလှယ် ဒေါ်ခင်စောမူနှင့် မွန်ပြည်နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးမင်းမြင့်မောင်တို့က ဖတ်ကြားဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ စာတမ်းပြုစုရေး အဖွဲ့ငယ် (၁)မှ အကြံပြုရေးသားတင်ပြသည့် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍနှင့် နိုင်ငံခြားရေးကဏ္ဍ၊ ဥပဒေပြုစာရင်းတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များစာတမ်းကို မန္တလေးတိုင်းမှ အလုပ်သမားကိုယ်စားလှယ် ဦးသန်းဝင်း၊ ကချင်ပြည်နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးမရန်တန်ဂွန်းနှင့် ရန်ကုန်တိုင်းမှ အလုပ်သမားကိုယ်စားလှယ် ဦးသန်းမြင့်တို့က ဖတ်ကြားဆွေးနွေးတင်ပြကြသည်။

အဆိုပါ ဖတ်ကြားဆွေးနွေးတင်ပြသည့် စာတမ်းနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းမှ အလုပ်သမား ကိုယ်စားလှယ် ဦးမောင်နီနှင့် ရန်ကုန်တိုင်းမှ အလုပ်သမားကိုယ်စားလှယ် ဒေါက်တာမျိုးသန့်တင်တို့က ဖြည့်စွက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀နာရီခွဲတွင် ရပ်နားလိုက်သည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ရုံးအဖွဲ့မှူး ဦးလှမြင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဦးသိန်းဦးဘိုးစောတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမြင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၅၆ဦး ရှိသည့်အနက် ၅၃ ဦးတို့ တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ ၆၄ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ရုံးအဖွဲ့မှူး ဦးလှမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် ဥပဒေပြုရေးဆိုင်ရာကဏ္ဍနှင့် ပတ်သက်၍ ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာကိုလေး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ကြည်နှင့် ပဲခူးတိုင်း တရားသူကြီး ဦးဝင်းတင်တို့က အကြံပြုစာတမ်းများကို အသီးသီးတင်ပြကြသည်။-

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉နာရီ မိနစ် ၅၀တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးတွင် အလှည့်ကျသဘာပတိ ဦးလှတင် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် သာသနာရေးဝန်ကြီးဌာနမှ ဦးအုံ့မောင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၉ဦးအနက် ၁၀၈ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၈ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

စာတမ်းပြုစုရေး အဖွဲ့ငယ်များက အကြံပြုစာတမ်းများကို အသီးသီး ဖတ်ကြားတင်ပြကြရာ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍဆိုင်ရာ စာတမ်းကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဦးသန်းညွှန့်ကလည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ စာတမ်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးဝင်းကြည်ကလည်းကောင်း၊ လူမှုရေးကဏ္ဍဆိုင်ရာ စာတမ်းကို အားကစားဝန်ကြီးဌာနမှ ဦးသောင်းထိုက်ကလည်းကောင်းအသီးသီး ဖတ်ကြားတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များက စာတမ်းများအပေါ် အကြံပြုဆွေးနွေးကြပြီး အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးတွင် အလှည့်ကျသဘာပတိ ဦးလှမြင့်က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ (၈)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ (၆)မှ ဦးအောင်ခမ်းထီ၊ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာမနန်တူးဂျာ၊ မြန်မာ့သမိုင်းအဖွဲ့အတွင်းရေးမှူး ဦးထွန်းအောင်ချိန်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်းတို့ တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ

ယင်းနောက် အလှည့်ကျသဘာပတိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များအပေါ် ကဏ္ဍအလိုက် လေ့လာရေး၊

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ✱

အမှာစကား ပြောကြား

အမျိုးသား ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် "၂၀၀၄ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့" အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● စာမျက်နှာ ၁၁ မှ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Sanlee Plianbangchang ထံမှ ပေးပို့သော"၂၀၀၄ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့" သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဂျီနီဗာရုံးချုပ်မှ ချီးမြှင့်သော "၂၀၀၄ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဆု"ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr. Stephan Jost က ပေးအပ်သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် "၂၀၀၄ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့" အထိမ်းအမှတ် "ဆေးလိပ်ဆေးရွက် ရှောင်ကြဉ်မှ လူမှုဘဝချမ်းသာရ" ဆောင်ပုဒ်ပညာပေး အစီအစဉ်ကို တင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် သံတမန်များ၊ ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန ဧည့်ကြိုဆောင်၌ ခင်းကျင်းပြသထားသည့် "၂၀၀၄ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့" အထိမ်းအမှတ် ကျန်းမာရေးပညာပေးပြခန်းငယ်ကို ကြည့်ရှုကြသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီနှင့် သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၃၁

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့အသီးသီးမှ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့မှ သဘာပတိအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ သဘာပတိ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များမှ သဘာပတိအဖွဲ့ဝင်များက မိမိတို့အစုအဖွဲ့အလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။ ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် သဘာပတိအမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ အသီးသီးမှ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✻ စာမျက်နှာ ၁၂ မှ

လုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် တွဲဖက်အခမ်း အနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့လည်း တက်ရောက်ကြသည်။

အစည်းအဝေးတွင် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ညီလာခံ ကိုယ်စားလှယ်များက သဘာပတိအဖွဲ့ထံ ပေးအပ်တင်ပြထားသည့် အကြံပြုဆွေးနွေးတင်ပြချက် စာတမ်းနှစ်စောင်ကို သဘာပတိ အဖွဲ့ဝင်များက ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် သဘာပတိအဖွဲ့ဝင်များက အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့အစည်းအဝေးကို ဇွန် ၁ ရက် နံနက်ပိုင်းတွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရန် သတ်မှတ်ကြပြီး သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကို နံနက် ၁၀နာရီမိနစ်၂၀တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ပုဇွန်တောင်ဘဏ်ခွဲ တည်ဆောက်မှုစစ်ဆေး

ရန်ကုန် မေ ၃၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေသည် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းထွန်း လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် လက်ဝဲမင်းဒင်လမ်းနှင့် လယ်ယာရွှေမြေလမ်းထောင့်ရှိ အသစ်ဆောက်လုပ်လျက်ရှိသော မြန်မာ့စီးပွားရေးဘဏ်၊ ပုဇွန်တောင်ဘဏ်ခွဲ အဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ အိုလံပစ် ဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာကုမ္ပဏီလီမိတက်မှ ညွှန်ကြားရေးမှူး ဦးထွန်းအောင်စန်းက မြန်မာ့စီးပွားရေးဘဏ် ပုဇွန်တောင်ဘဏ်ခွဲ အသစ်ဆောက်လုပ်ပြီးစီးနေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မှာကြား

တင်ပြချက်များအပေါ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးစွာဆောင်ရွက်ရေးနှင့် လိုအပ်သည်များကို မှာကြားသည်။(သတင်းစဉ်)

အလှဆင်ပစ္စည်းများ မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် မေ ၃၁

Matushita Electric Industrial Co.,Ltd. နှင့် Wellness & Beauty Hub Ltd(A Subsiciary of Han Myanmar Electronics) တို့ ပူးပေါင်းကျင်းပသော "New Wellness Beauty care Products Seminar" ကို မေ ၃၀ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဂရင်းပလာဇာ ပတ်ခ်ရွိုင်ရယ် ဟိုတယ်ခန်းမ၌ကျင်းပရာ အထူးဖိတ်ကြားထားသူများ၊ အရောင်းကိုယ်စားလှယ်များ တက်ရောက်ကြပြီး အခမ်းအနားတွင် Home Appliances Department Sale Engineer Mr.Nicholas Jan C.E က ပစ္စည်းသစ်များနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

(ယာပုံ) (က-ပ)

သင်္ဂြိုဟ်မေးကွက် အတွဲ(၁) ကျမ်းစာအုပ်များလှူဒါန်း

ရန်ကုန် မေ ၃၁

ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင်ကျမ်းများ ကျမ်းပြုအရှင် စန္ဒဇောတိ(ပါဠိပါရဂူ၊ ပိဋကတ စ်ပုံဆောင်) ရေးသားပြုစုထားသော သင်္ဂြိုဟ်မေးကွက် အတွဲ(၁)ကျမ်းစာအုပ်များကို စာသင်တိုက်များသို့ ဆရာကိုင်အဖြစ် လှူဒါန်းပွဲကို မေ ၂၇ ရက်တွင် အောင်သိဒ္ဓိကျောင်း၌ကျင်းပရာ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်နှင့် ပျဉ်းမနားမြို့တို့မှ စာသင်တိုက် ဆရာတော်များကိုယ်စား ဦးဓမ္မသာမိ တပ်ကုန်းက လက်ခံရယူသည်။ (က-ပ)

မုန်တိုင်းငယ်တစ်ခု ပုသိမ်မြို့၏ အနောက်တောင်ဘက် ပင်လယ်ပြင်ကိုဖြတ်ပြုနေ

ရန်ကုန် မေ ၃၁

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းရှိ လေဖိအားနည်းရပ်ဝန်းသည် မုန်တိုင်းငယ်အဖြစ်သို့ အားကောင်းလာကာ ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၃၃၀ အကွာ ပင်လယ်ပြင်ကိုဖြတ်ပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာကာ မြောက်အရှေ့မြောက်အရပ်သို့ ရွေ့လျားနိုင်သည်။

ယင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် မုတ္တမကွေ့၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီ မိုင် ၄၀အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ရောင်းချနေပါပြီ

အမျိုးအစား ကောင်းမွန်သော တွင်ခုံ၊ ဖောက်စက်၊ ရွှေဘော်စက်နှင့် အခြားစက်ပစ္စည်းများ ရောင်းချနေပါသည်။

ဆက်သွယ်ရန်– အမှတ်(၁၂၄/B)၊ ချင်းတွင်းလမ်း၊ **တောင်ဒဂုံစက်မှုဇုန်(၃)၊ ဖုန်း–၆၆၃၄၁၄။**

နော်ရှည်လာ (တောင်ငူ) ပြုစုသည်

ပန်းအလှပြုပြင်နည်း

– ပန်းထိုးနည်း၊ ထိုးဟန် အမျိုးမျိုး
– သီတိုရီ သဘောတရားများ
– လက်တွေ့ အခြေခံထိုးနည်းများ
သင်တန်းဆရာမတစ်ယောက် အနားမှာ သင်ပေးနေသလို ခံစားရမည်။

ဖြန့်ချိရေး – စာပေလောက (ဖုန်း– ၃၅၄၃၃၁)

FAME DYSENZI®

ဝမ်းကိုက်ပျောက်ဆေး

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် မေ ၃၁

၂၀၀၄ ခုနှစ် မေ ၃၁ ရက် ယနေ့ မြန်မာစံတော်ချိန် ဝ၈နာရီ၊ ၂၂ မိနစ်၊ ၃၂စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အနောက်တောင်ဘက် ၃၇၉မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၆အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

အောင် အီလက်ထရောနစ်သင်တန်း

ဆိုင်ရာ ကက်ဆက်၊ အသံချဲ့စက်၊ တီဗွီ
ဗွီဒီယို၊ ဗွီစီဒီ၊ ဆဲလ်ဖုန်း၊ လက်တွေ့အခြေခံသင်တန်း
ကျောင်းသားသစ်များလက်ခံပြီ။

ရေခဲသေတ္တာနှင့်အဲယားကွန်းသင်တန်း

ဆိုင်ပွင့်နိုင်သည်အထိသင်ကြားပေးသည်။

Cosmic Engineering Group

အမှတ် (၃၁) ဓမ္မဇီဟာရလမ်း ကျောက်မြောင်း (ကျောက်မြောင်းဈေးမှတ်တိုင်အနီး)
☎ 549897

ဘောဘီမူကြိုပြန်လည်ဖွင့်လှစ်ခြင်း

ခေတ်မီ၍ စနစ်ကျသော ဘောဘီမူကြိုကို ၃–၆–၂၀၀၄(ကြာသပတေး)နေ့တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျောင်းသားလက်ခံပြီ။

အသက်(၃)နှစ်ခွဲမှ (၅)နှစ်

အချိန်	–	နံနက် ၁၀း၀၀မှ မွန်းလွဲ၂း၃၀နာရီအထိ
နေရာ	–	ဘောဘီမူကြို ၄၂/ဆဒ္ဒန်လမ်း၊ အလုံမြို့နယ်၊
စုံစမ်းရန်	–	ရုံး(၂၁၀၃၆၂)၊ အိမ်(၅၈၀၀၄၄) ကျောင်းကားရှိသည်။ (အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း)

T Land COMPUTER DISTRIBUTOR မှ အရောင်းမြှင့်တင်ရေး အထူးအစီအစဉ်

(1.6.2004) မှ (15.6.2004) ထိ

T-Land Computer Distributor မှ အရောင်းမြှင့်တင်ရေး အထူးအစီအစဉ်အနေဖြင့် **Computer One-Set** တစ်စုံဝယ်ယူသူတိုင်းအား **Computer Stand** တစ်ခု လက်ဆောင်ပေးနေပါပြီ။

No. (002), MAC Tower (1) Ground, Building No. (567), Merchant Street & Corner of Mahabandoola Garden Road, Kyauktada Township, Yangon.
Ph : 246316, 382868, 0950 20854

"ကျေးဇူးပဲ သူငယ်ချင်း"

အထက်ပါ စကားလေးတစ်ခွန်းသည် သင့်အတွက် အလွန်ရိုးစင်းကောင်း ရိုးစင်းနေပါလိမ့်မည်။ ထိုစကားလေး တစ်ခွန်းကိုပင် သင်ကိုယ်တိုင်မှ သင့်သူငယ်ချင်းတစ်ယောက်ယောက်အား လိုက်လိုက်လှဲလှဲ ပြောခဲ့ဘူးမည်ဟု ထင်ပါသည်။ သင့်ကို ထိုစကားလေးတစ်ခွန်းပြောဖြစ်အောင် တိုက်တွန်းလှုံ့ဆော်ခဲ့သော နောက်ခံဓာတ်လမ်းလေးတစ်ပုဒ်သည်လည်း အမှန်တစ်ကယ်ရှိခဲ့လိမ့်မည်ဟု ယုံကြည်ပါသည်။ ထိုနောက်ခံဓာတ်လမ်းလေးကို တေးချစ်သူတို့နှင့်အတူ မျှဝေခံစားနိုင်ရန် စာမျက်နှာအကန့်အသတ်မရှိလွတ်လပ်စွာရေးချလိုက်ပြီး **စာတိုက်သေတ္တာအမှတ် (၃၃) ရန်ကုန်မြို့ သို့ (၃၀-၆-၂၀၀၄) နောက်ဆုံးထား၍ပို့ပေးစေချင်ပါသည်။** သင်၏ ကိုယ်တွေ့ဓာတ်လမ်းလေးအား ရွေးချယ်ရေးအဖွဲ့မှ ကြိုက်နှစ်သက်ပါက

၁။ ဆုငွေ ကျပ်တစ်သိန်း တိတိ ချီးမြှင့်ပါမည်။

၂။ မကြာမီထွက်ရှိမည့် တေးသံရှင်သစ် **Nဆိုင်းလီ** နှင့် **စီစီဖြူ** တို့၏ ပထမဆုံးတေးစီးရီး ကျေးဇူးပဲသူငယ်ချင်း **MusicVideo** တွင်ဓာတ်လမ်းတစ်ပုဒ်အဖြစ်ထည့်သွင်းရိုက်ကူး ပေးပါမည်။

၃။ ကျေးဇူးပဲသူငယ်ချင်း **Music Video** နှင့် **VCD** ထွက်ရှိသောနေ့၌ ရန်ကုန်မြို့သို့ ဖိတ်ခေါ်၍တေးသံရှင်နှစ်ဦး၏အထူးဧည့်သည်တော်အဖြစ် မိတ်ဆက်မှတ်တမ်းတင်ပါမည်။

အလွန်ရိုးစင်းသော စကားလေးတစ်ခွန်း၏ နောက်ကွယ်မှဓာတ်လမ်းလေးများအား လေးစားစွာ စောင့်ကြိုနေပါမည်။ ရွေးချယ်ခြင်းခံခဲ့ရလျှင် ပြန်လည်ဆက်သွယ်နိုင်ရန် လိပ်စာအတိအကျဖော်ပြပေးစေချင်ပါသည်။ ၁၃/၂၀၀၄/၁

EXAMPLEZ

တမ်းတမ်းတတ...ချစ်ခဲ့လို့

TAPE,CD, VCD KARAOKE ထွက်ပြီ

အကယ်ဒမီ မြတ်ကောသီအောင်၊ စိုးမြတ်နန္ဒာ၊ အိန္ဒြာကျော်ဇင် တို့မှ မေတ္တာဖြင့်ပါဝင်သရုပ်ဆောင်ထားသည်။ မော်ဒယ်လ်များစွာ နှင့် **Examplez** အဖွဲ့ဝင်များ ကိုယ်တိုင်ပါဝင်ပြီး ပေလီကမ်းခြေအလှအပများဖြင့် ပျော်ရွှင်ဖွယ်ရာရိုက်ကူးထားပါသည်။

Y.E.S. မှ အင်္ဂလိပ်စကားပြော သင်တန်းများ

Basic Spoken English JUNE -14, 21,28
Pre-Intermediate English JUNE - 14,19,21
Intermediate English, SAT (I) JUNE - 1, 26
Vocabulary Enrichment Course JUNE-14
Grammar Foundation Course JUNE - 28
AWC, BWC, TOEFL, IELTS, SAT (II) / AE
No.118, Y.W.C.A Building , Bogalayzay Street, Botataung TSP.
ဖုန်း - 245821

THREE FRIENDS Co., Ltd.

Construction & Decoration

44 A - 1, ကျိုက်ဝိုင်းဘုရားလမ်း ရန်ကုန်–ကုန်သွယ်မှုဗဟိုဌာန အနောက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

☎ 01 - 201121, 294864
09 - 80 -34431

– အခန်းဖွဲ့ခြင်း၊
– မျက်နှာကျက် အလှဆင်ခြင်း၊
– ပလာစတာကော်နစ်ဖြင့် အလှဆင်ခြင်း၊
– **Modern Furniture** များဖြင့် အလှဆင်ခြင်း၊
– အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း အလှဆင်ခြင်းအမျိုးမျိုး၊
– ကြမ်းခင်းခြင်း၊ ကျွန်ပြားကပ်ခြင်း၊
– ဆေးသုတ်ခြင်း၊ ပေါလစ်တင်ခြင်း၊
– အဆောက်အဦးဒီဇိုင်းဆွဲပေးခြင်း၊
– လျှပ်စစ်လုပ်ငန်းများ၊ ရေသွယ်တန်းခြင်း၊
– အလှစီနီယံနှင့် သံပန်းလုပ်ငန်းများ၊
– ဆောက်လုပ်ရေး (**PAE, Supervision**)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် မင်းတပ်-မတူပီလမ်း ၁၀၂ မိုင်အရှည် လေးပိုင်းခွဲ ဖောက်လုပ်မှု စစ်ဆေး



ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ချင်းပြည်နယ် မင်းတပ်-မတူပီ လမ်းအပိုင်း ဆောင်ရွက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၃၁

ချင်းပြည်နယ် မင်းတပ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မေ ၂၆ ရက် နံနက် ၆ နာရီခွဲတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဆန်းအောင်နှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မင်းတပ်ခရိုင် အင်ဂျင်နီယာရုံးသို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ခရိုင်အင်ဂျင်နီယာရုံး အစည်းအဝေးခန်းမ၌ မင်းတပ်ခရိုင် အင်ဂျင်နီယာမှူး ဦးငွန်ဆန်းအောင်က မင်းတပ်-မတူပီလမ်း ၁၀၂ မိုင်အရှည်တွင် အပိုင်းလေးပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိရာ မင်းတပ်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူရသော မိုင်တိုင်(၀/၀)မှ (၂၀/၀) အပိုင်း၌ လမ်းတာချဲ့ခြင်း၊ ကျောက်ခင်းခြင်း၊ ဖြုန်းကျောက်ခင်းခြင်း၊ ရေပြွန်ပြုလုပ်ခြင်း၊ လမ်းဘေး ရေမြောင်းတူးခြင်း အပိုင်းတို့ကိုလည်းကောင်း၊ စက်ယာဉ်ယန္တရားရရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုအပိုင်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် မင်းတပ်ခရိုင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက တာဝန်ယူသည့် အပိုင်းတွင် မင်းတပ်မြို့လယ် မိုင်တိုင်(၀/၀)၌ တာချဲ့ခြင်းနှင့် ကျောက်ခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ ခရိုင်အင်ဂျင်နီယာမှူးက လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မင်းတပ်မြို့လယ် မိုင်တိုင်(၂/၅)နှင့် (၂/၆)ကြား၌ ရေထုတ်ပြွန် တည်ဆောက်ထားရှိမှုကိုလည်းကောင်း၊ မိုင်တိုင်(၄/၀)နှင့် (၅/၀)၌ မြေညှိစက်ဖြင့် လမ်းတာညှိ ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အန္တရာယ်ကင်းအောင်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် မိုင်တိုင်(၅/၃)တွင် ကျောက်ခင်းနေမှုနှင့် မိုင်တိုင်(၆/၆)၌ သတ်မှတ်လမ်းသား ရရှိရေးအတွက် ကျောက်မိုင်းခွဲနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ မိုင်တိုင်(၈/၂)နှင့် (၈/၃)ကြား၌ မိုးဒဏ်ကြောင့် လမ်းသားပဲ့ကျ၍ သစ်ဆည်ခတ်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ မှာကြားသည်။ ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့သည် မိုင်တိုင်(၈/၀)၌ မင်းတပ်ခရိုင် စိုက်ပျိုးရေးလုပ်ငန်း၏ အဆင့်မြင့်လက်ဖက် စံပြစိုက်ခင်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ခြံတာဝန်ခံနှင့် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်ရတို့က လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အောင်ဖြစ်ထွန်းအောင် စနစ်တကျဖြင့် တိုးချဲ့စိုက်ပျိုးရန် မှာကြားသည်။

အဆိုပါ လက်ဖက်စိုက်ခင်းသည် လေးဧက ကျယ်ဝန်းပြီး ခြံစည်းရိုးနှစ်တန်းပူးစနစ် ၄ ပေ X ၂ ပေ X ၂ ပေ နည်းစနစ်ဖြစ်သည်။

မှာကြား

ယင်းနောက် ယာယီရှင်းလင်းဆောင်၌ ခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဦးဇော်ဟိန်းက မင်းတပ်မြို့နယ်တွင် မင်းတပ်-မတူပီ လမ်းတစ်လျှောက် လမ်းအောက်ပိုင်းနှင့် အထက်ပိုင်းတို့၌ လက်ဖက်မျိုးစေ့ခြံများနှင့် လက်ဖက်ခြံများ စိုက်ပျိုးလုပ်ကိုင်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့သည် ခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ဘော်ခွီးခြံသို့ ရောက်ရှိကြပြီး လက်ဖက်ပျိုးခင်းကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လက်ဖက်ပျိုးခင်း၌ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စိုက်ပျိုးရန် ၅၅ ဧကစာ ပျိုးခင်းတစ်ခုနှင့် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် စိုက်ပျိုးရန် ဌာန၊ ရပ်ကွက်တို့မှ စုစုပေါင်း ၁၈၆ ဧက ပျိုးထောင်ထားရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မင်းတပ်-မတူပီ ကားလမ်းအတိုင်း မိုင်တိုင်(၈/၆)မှ (၁၅/၀) အထိ လမ်းပိုင်းဆောင်ရွက်ထားမှု အခြေအနေများကို လမ်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မိုင်တိုင်(၁၅/၀)မှ (၁၅/၁)အထိ ဖြုန်းကျောက်ခင်းခြင်းကို ကြည့်ရှုစစ်ဆေးရာ ခရိုင်အင်ဂျင်နီယာမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ကျောက်ခင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့သည် မိုင်တိုင်(၁၅/၁)မှ (၁၆/၃)အထိ လမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာ၍ မိုင်တိုင်(၁၆/၄)နှင့် မိုင်တိုင် (၁၆/၅)ကြား၌ ကျောက်ခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့သည် မိုင်တိုင် (၁၈/၆)၌ စက်ယန္တရားများဖြင့် လမ်းသားချဲ့ထွင်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

စနစ်တကျ

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာ၍ မိုင်တိုင်(၁၉/၁)နှင့် (၁၉/၂) ကြား၌ မြေကာနံရံ တည်ဆောက်သည့် နေရာကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် မိုင်တိုင် (၁၉/၄)၌ စက်ယန္တရားများဖြင့် ကျောက်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြိုဆို

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့သည် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ မင်းတပ်ခရိုင်မှ တာဝန်ယူဆောင်ရွက်ရသော လမ်းပိုင်းအဆုံး မိုင်တိုင်(၂၀/၀)နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းအဖွဲ့မှ တာဝန်ယူရသော လမ်းပိုင်းအစသို့ ရောက်ရှိကြရာ ဒုတိယတာဝန်ခံအင်ဂျင်နီယာ ဦးစိုးညွန့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆောင်ရွက်ပြီးစီး

မင်းတပ်-မတူပီလမ်းပိုင်း၌ မင်းတပ်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက မင်းတပ်မြို့ မိုင်(၀/၀)မှ မိုင်(၂၀/၀)ထိ တာဝန်ယူတည်ဆောက်လျက်ရှိရာ ယခုအခါ လမ်းတာချဲ့ခြင်း ၁၉ မိုင် ခြောက်ဖာလုံ၊ ကျောက်လမ်းခင်းခြင်း ခုနစ်မိုင်၊ ဖြုန်းကျောက်ခင်းခြင်း သုံးမိုင်၊ ရေပြွန်ပြုလုပ်ခြင်း ၁၂ ခုနှင့် လမ်းဘေးရေမြောင်းတူးခြင်း ၁၄ မိုင် ဆောင်ရွက်ပြီးစီးသွားပြီ ဖြစ်သည်။ ကျန်လုပ်ငန်းများ အချိန်မီ ပြီးစီးရေးအတွက်လည်း စက်ယန္တရားနှင့် လူအင်အားတို့ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ရှင်းလင်းပြသ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာခဲ့ကြရာ မင်းတပ်-မတူပီ ကားလမ်း မိုင်တိုင်(၂၁/၂)နှင့် (၂၁/၃)ကြား၌ ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မိုင်တိုင် (၂၁/၇) နှင့် (၂၂/၀) ကြား၌ ရေထုတ်ပြွန် တည်ဆောက်ထားရှိမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ရန်ကုန်-မန္တလေး အမြန်လမ်းဖောက်ရေးမှ ဒုတိယတာဝန်ခံ အင်ဂျင်နီယာ ဦးစိုးညွန့်က လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မိုင်တိုင် (၂၃/၂) နှင့် (၂၃/၃) ကြားသို့ ရောက်ရှိကြပြီး လမ်းတာချဲ့ခြင်းလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မိုင်တိုင်(၂၆/၃)၌ တောင်ကျရေ တိုက်စားမှုကြောင့် မြေသား ရေတိုက်စားမှုအား ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ မိုင်တိုင် (၃၀/၂)၌ တောင်ကမ်းပါးနံရံ မြေပြိုကျမှုအား စက်ယန္တရားများဖြင့် လမ်းသား ပြန်လည်ဖော်ထုတ်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် နံနက် ၁၁ နာရီတွင် မရှိရှစ်တောင် အမြင့်ပေ ၉၂၂၀ ထိပ်ရှိ မင်းတပ်-မတူပီ ကားလမ်းဖောက်လုပ်ရေးအပိုင်း ရန်ကုန်-မန္တလေး အမြန်လမ်းအဖွဲ့၏ စီမံကိန်းရုံးသို့ ရောက်ရှိကြသည်။

လမ်းအူကြောင်း

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့အား ရန်ကုန်-မန္တလေး အမြန်လမ်း ဖောက်လုပ်ရေးအဖွဲ့(၂)မှ ဒုတိယတာဝန်ခံအင်ဂျင်နီယာ ဦးစိုးညွန့်က လမ်းအပိုင်းကို မြေနံရံဖြတ်ခြင်း၊ မြေဖို့ခြင်း၊ မတ်စောက်ကွေ့ကောက်သော နေရာများတွင် လမ်းအူကြောင်းရှာဖွေဆောင်ရွက်မှုအခြေအနေ၊ လမ်းတာပေါင်ချဲ့ခြင်း၊ ကျောက်ခင်းခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လမ်းသားမြေသားပြိုကျမှုကို ဦးစွာကာကွယ်ပြီးမှ လမ်းချဲ့ထွင်ရေးလုပ်ငန်းများ၊ လမ်းအပေါ်လွှာ ကျောက်ခင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြရေး မှာကြားသည်။

ဂုဏ်ပြုလက်ဆောင်ပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရန်ကုန်-မန္တလေး အမြန်လမ်းအဖွဲ့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် မိုင်တိုင်(၃၃/၃)နှင့် (၃၃/၄)အကြား၌ ဖြုန်းကျောက်ခင်းထားမှု အခြေအနေကိုလည်းကောင်း၊ မိုင်တိုင်(၃၃/၃)နှင့် (၃၃/၄)အကြားတွင် မူလလမ်းဟောင်းမှ လမ်းကြောင်းပြောင်း၍ လမ်းလွှဲ ဖောက်လုပ်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အားပေးစကားပြော

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာခဲ့ကြရာ မိုင်တိုင်(၄၀/၇)နှင့် (၄၁/၀) တို့တွင် နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများက မြေပြိုကျသည့် နေရာများအား မြေသားဖယ်ရှားခြင်း၊ ရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး တပ်မတော်သားများအား အားပေးစကား ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် လမ်းဖောက်လုပ်ရေးတွင် တာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားများအား ဂုဏ်ပြုစားသောက်ဖွယ်များပေးအပ်ရာ ဗိုလ်မှူးတင်မိုးက လက်ခံယူသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် လမ်းတစ်လျှောက် ကြည့်ရှု စစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ မိုင်တိုင်(၄၇/၀)၌ မိုးရွာသွန်းမှုကြောင့် မြေပြိုကျမှုအား စက်ယန္တရားများဖြင့် ဖယ်ထုတ်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြီးစီး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မိုင်တိုင်(၅၆/၀)ရှိ ရန်ကုန်-မန္တလေး အမြန်လမ်းအဖွဲ့၏ ကြားစခန်းသို့ ရောက်ရှိကြပြီး ခေတ္တရပ်နားကြကာ မတူပီမြို့သို့ ဆက်လက်ထွက်ခွာသွားကြသည်။

အဆိုပါ ရန်ကုန်-မန္တလေး အမြန်လမ်းအဖွဲ့မှ ဆောင်ရွက်နေသည့် မင်းတပ်မြို့နယ်အပိုင်း မိုင်တိုင်(၂၀)မှ မိုင်တိုင်(၅၀)အတွင်းတွင် မိုင် ၃၀ လုံး လမ်းချဲ့ခြင်းလုပ်ငန်းပြီးစီး၍ ခွဲကျောက်ခင်းခြင်း ၁၅ မိုင်၊ ဖြုန်းကျောက်ခင်းခြင်း ၁၅ မိုင်၊ ရေမြောင်းတူးဖော်မှု မိုင် ၃၀ ပြီးစီးကြောင်း၊ ရေပြွန်တည်ဆောက်မှု ၂၅လုံးပြီးစီးကြောင်း သိရသည်။

(သတင်းစဉ်)

နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲ ဖွင့်လှစ်

မိုးနဲ မေ ၁၇

မိုးနဲမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကို မေ ၁၂ရက် နံနက် ၉နာရီက မိုးနဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ အခမ်းအနားသို့ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ယာယီဥက္ကဋ္ဌ ဒုရဲမှူးမြသောင်းနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူများ တက်ရောက်ကြသည်။ **(ဓဝပုံ)**

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြေစိုက်နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကို နယ်ခြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မိုးနဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သာက ပြကွက်များနှင့် စာအုပ်ပြပွဲကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ မိုးနဲမြို့နယ် လက်ထောက်ပညာရေးမှူးက စာအုပ်များ ပေးအပ်လှူဒါန်းသည်။ **(မြို့နယ်ပြန်/ဆက်)**

မြေတိုင်းတာခြင်းနှင့် မြေစာရင်းမွမ်းမံသင်တန်းဖွင့်

တိုက်ကြီး မေ ၂၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းမွမ်းမံသင်တန်း အမှတ်စဉ်(၃/၂၀၀၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတွင် မေ ၂၄ရက်က ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် တက်ရောက်အမှာစကားပြောကြားသည်။

– တက်ရောက် –

အခမ်းအနားသို့ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးမြင့်ဆွေနှင့် ညွှန်ကြားရေးမှူးများ၊ အရာထမ်းများ၊ သင်တန်းနည်းပြနှင့် သင်တန်းသားများ စုစုပေါင်း ၂၃၀ဦး တက်ရောက်ကြသည်။

– သင်ကြားပို့ချ –

သင်တန်းတွင် ပြည်နယ်နှင့်တိုင်းအသီးသီးမှ မြေတိုင်းစာရေး သင်တန်းသား ၂၀၀ဦး တက်ရောက်ကြပြီး သင်တန်းကာလ သုံးလကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍ အခြေခံမြေအသုံးချမှုနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ စာရင်းများ မှန်ကန်စွာကောက်ယူပြုစုရေးအတွက် မြေတိုင်းပညာနှင့် မြေစာရင်းလုပ်ငန်း ဘာသာရပ်များကို လေ့ကျင့်သင်ကြား ပို့ချမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ပြည်နယ်စည်ပင်ညွှန်မှူး မန်ဝိန်းကြီးကျေးရွာ ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား မေ ၂၀

ကချင်ပြည်နယ် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ချို သည် မန်စီမြို့နယ် စည်ပင်အမှုဆောင်အရာရှိ ဦးမိုးလွင်နှင့် မေ ၁၅ရက်က ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မန်ဝိန်းကြီးကျေးရွာအား ကွင်းဆင်းစစ်ဆေးပြီး မြို့စည်ပင်သာယာရေး နယ်နိမိတ်သတ်မှတ်ပေးနိုင်ရေးအတွက် ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ **(မြို့နယ်စည်ပင်)**

စစ်ကိုင်းမြို့နယ်တွင် အလှူရှင်စက်ရေတွင်းဖွင့်

စစ်ကိုင်း မေ ၂၈

အလှူရှင်ဗိုလ်မှူးကြီး လှအောင်၊ ဇနီး ဒေါ်စန်းစန်းမြင့်၊ သမီး စုမြတ်အောင် မိသားစု လှူဒါန်းပြီး စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တူးဖော်ဆောင်ရွက်ခဲ့သည့် အောင်မြေကျေးရွာ စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို မေ ၁၈ရက်က ကျင်းပရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အုန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါစက်ရေတွင်းသည် တစ်နာရီ ရေထွက်နှုန်း ဂါလန် ၈၀၀ရှိပြီး ရေလှုံ့တွင်းဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိမှုနှင့် ချောင်းဦး-အမြင့်လမ်း ကျောက်ချောလမ်း ခင်းကျင်းမှုစစ်ဆေး

ချောင်းဦး မေ ၂၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် သူရဦးစိုးအောင်သည် မေ ၂၁ရက် မွန်းလွဲ၂နာရီတွင် စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် မြို့နယ်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိမှု အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်သည်။

ဖူလုံစွာ

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား စည်ပင်သာယာရေးဦးစီးဌာနနှင့် ပြည်နယ်၊ တိုင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေး ဆောင်ရွက်ချက်များကို တင်ပြကြသည်။

စစ်ဆေး

ထို့နောက် ချောင်းဦး-အမြင့်လမ်း ကျောက်ချောလမ်း ခင်းကျင်းပြီးစီးမှုကို သွားရောက်စစ်ဆေးသည်။ ၎င်းနောက် မုံရွာမြို့ ကမ်းနားလမ်း ချင်းတွင်းမြစ်ရေထိန်း ကျောက်ရိုးစီနံရံ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ကမ်းနားလမ်းတိုးချဲ့ခြင်းလုပ်ငန်းများကို စစ်ဆေးသည်။

တွေ့ဆုံ

မေ ၂၂ရက်နံနက်ပိုင်းတွင် သူရဦးစိုးအောင်သည် မုံရွာမြို့နယ် ကြေးမုံကျေးရွာနှင့် မြင်းမူမြို့နယ် ငွေးပင်တောကျေးရွာများတွင် စည်ပင်သာယာရေးအဖွဲ့များမှ အကောင်အထည်ဖော်ခဲ့သော ကျေးလက်အိမ်ရာများသို့ ရောက်ရှိပြီး အိမ်ရှင်များနှင့် တွေ့ဆုံခဲ့သည်။ **(အပေါ်ပုံ)**

(နယ်စပ်/စည်ပင်)

ကျောက်တံခါးမြို့နယ် သမင်အင်းကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ မေ ၁၂ ရက်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီဋ္ဌေးနှင့် ဆရာ၊ ဆရာမများက ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် ခဲတံများကို ကျောင်းသား၊ ကျောင်းသူများ လက်ဝယ်သို့ အမြန်ရောက်ရှိရေးအတွက် ဖြန့်ဖြူးရောင်းချပေးစဉ်။

(မြို့နယ်ပြန်/ဆက်)

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အများသုံးရေကန်အတွင်း အများပြည်သူအသုံးပြုရန် ရေမပြတ်လပ်စေရေးအတွက် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကြိုင်နှင့် ဝန်ထမ်းများ မေ ၁ ရက်မှ ၁၂ ရက်နေ့အထိ ဝဲကြီးဆည်မှရေကို ရေဆိုင်ချောင်းမှ ယာယီရေတားပြုလုပ်ခြင်း၊ ရေခေါ်မြောင်းတူးခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (၄၉၇)

ဆီဆိုင်မြို့နယ်တွင် စီမံကိန်းတာဝန်ပေးအပ်ပွဲကျင်းပ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးမှာကြား

ဆီဆိုင် မေ ၉

ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၄-၂၀၀၅ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၇ ရက် နံနက် ၉ နာရီက ဆီဆိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

တာဝန်ပေးအပ်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးယဉ်ထွေးက ဆီဆိုင်မြို့နယ်မှ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စိုက်ပျိုးထုတ်လုပ်ကြမည့် လယ်ယာဥယျာဉ် သီးနှံစီမံကိန်း လျာထားချက်များ ပြည့်မီစွာအကောင်အထည်ဖော် စိုက်ပျိုးသွားနိုင်ရေးအတွက် ယခုနှစ်မှစ၍ တောင်သူတစ်ဦးလျှင် တစ်ဧကနှုန်း စပါးတိုးချဲ့ စိုက်ပျိုးသွားကြရန် လိုအပ်ကြောင်း၊ စီမံကိန်းတစ်ခု အောင်မြင်မှု ရရှိရေးအတွက် အစ၊အလယ်၊အဆုံး ပြည့်စုံကောင်းမွန်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းမှာကြားသည်။ ဆီဆိုင်မြို့နယ်တွင် စီမံကိန်း လုပ်ငန်းများ အောင်မြင်မှုရှိစေရန်အတွက် စိုက်ပျိုးရေး ထုတ်လုပ်ကြီးကြပ်မှုကော်မတီများနှင့် မြို့နယ်မွေးမြူရေးလုပ်ငန်းကော်မတီများ အသီးသီးဖွဲ့စည်း၍ တာဝန်များပေးအပ်လိုက်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဦး၊ အင်ဂျင်နီယာမှူး ဦးကျော်မြင့်နှင့် မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများ အမှတ်(၁)စည်ပင်သာယာဈေးကြီးအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းလုပ်ငန်းကို မေ ၁၄ ရက်က ဆောင်ရွက်ကြစဉ်။

(က-ပ)

ကြေးမုံ The Mirror

မြို့နယ်သတင်းများ



(၇၇)နှစ်မြောက် မွေးနေ့ဆုတောင်း

ကျေးဇူးရှင် ချစ်မေမေ ကျိုက်ဝိုင်းဒေါ်အုန်းတင်၏ ၁-၆-၂၀၀၄ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင် နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် အသက်ရှည်စွာ သာသနာပြုနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်---။

သား- **မောင်စန်းမြင့်-မရွှေမာ**
ချစ်မြေးများ- **ဖြူဖြူဝင်း**
(Final Year-Eco U.D.E)
ပြည့်ဖြိုးခိုင်
(Final Year-Eco)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၆ခုနှစ်၊ ကဆုန်လပြည့်ကျော်(၁၂)ရက်
(၂၀၀၄ခုနှစ် မေလ ၁၅ရက်)

၁။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကို ၂၀၀၄ခုနှစ်၊ ဇွန်လ (၂၆)ရက်မှ ဇူလိုင်လ(၃)ရက်အထိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်၍ ပြည်ပနိုင်ငံများမှ ရတနာကုန်သည်များအား ဖိတ်ကြားလျက်ရှိပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်နေသည့် နိုင်ငံသားများ၊ လိုင်စင်ရယူ၍ နိုင်ငံခြားငွေဖြင့် ကျောက်မျက်ရတနာရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ တက်ရောက်၍ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခွင့်ပြုပါမည်။

(က) နိုင်ငံခြားမှ ရတနာကုန်သည်များနှင့်တွေ့ဆုံပြီး ကျောက်မျက်ရတနာရောင်းဝယ်ရေးကိစ္စများ ညှိနှိုင်းနိုင်ရန်။
(ခ) နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားမှ ကျောက်မျက်ရတနာဈေးကွက်အခြေအနေများ လေ့လာနိုင်ရန်။
(ဂ) ပြည်ပမှရတနာကုန်သည်များနှင့် ယှဉ်ပြိုင်၍ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခြင်းအားဖြင့် ကျောက်မျက်ရတနာရောင်းရငွေများ ပိုမိုတိုးတက်ရရှိစေရန်။
(ဃ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်။

၃။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာများကို နိုင်ငံခြားငွေဖြင့် ရောင်းချနိုင်ရန် လိုင်စင်ရယူထားသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအား ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ကျောက်မျက်နှင့် လက်ဝတ်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်ပါသည်။

၄။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ တက်ရောက်လိုသူများနှင့် အရောင်းကောင်တာများ ရယူလိုသူများသည် ၂၀၀၄ခုနှစ်၊ မေလ ၂၅ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာ ဈေးကြီးကြပ်ရေး အဖွဲ့များနှင့် ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

အမြန်အလိုရှိသည်
(ကျပ်ငွေဖြင့်ပြည်တွင်း၌သာခန့်ထားရန်)

၁။ လျှပ်စစ်ကျွမ်းကျင်သူ(ကက်ဆက်၊ TV, ပြင်တတ်ရမည်)
၂။ Computer Hardware Technician
(လုပ်ငန်းအတွေ့အကြုံ ၃နှစ်နှင့် အသက် ၂၅နှစ် မကျော်ရ)
၃။အလုပ်သမားမှတ်ပုံတင်ပါရှိရမည်။ (ကျား/မ ၃ဦး)

လိပ်စာ- ၂၀၂-၂၀၃၊ ယုဇနစီးပွားရေးအဆောက်အအုံ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်းမြို့နယ်။

ကုမ္ပဏီရုံးလိပ်စာပြောင်းရွှေ့ခြင်း

O.E.M.(M)Co.,Ltd. သည် ယခင်အမှတ်၂၁၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ ယခုအမှတ်၁၇၃/၁၇၅၊ ဗိုလ်မြတ်ထွန်းလမ်း၊ (အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား)ဗိုလ်တထောင်မြို့နယ်သို့ ၁-၆-၂၀၀၄ရက်နေ့မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်ကြောင်း မိတ်ဟောင်းမိတ်သစ်များအား အကြောင်းကြားပါသည်။

O.E.M.(M)Co.,Ltd. မှ မိတ္တူကူးစက်များကို ဝယ်ယူသုံးစွဲကြသူများနှင့် စက်ပြုပြင်ရေးဝန်ဆောင်မှုလုပ်ငန်းကို အားပေးလျက်ရှိသော ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ မိတ္တူကူးစက်လုပ်ငန်းရှင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

O.E.M.(M)Co.,Ltd.
အမှတ်၁၇၃/၁၇၅၊ ဗိုလ်မြတ်ထွန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Tel: 202343
e mail: oemmkkl@mptmail.net.mm

ကိုးထက် "မူလလက်ဟောင်း"
ကြက်ဆီထမင်းနှင့်ရေခဲမုန့်လုပ်ငန်း

ပင်းရင်းဆိုင်-အမှတ်(၄၆)၊ မော်တင်လမ်း၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်။ Ph: 226830
ဆိုင်ခွဲ(၁)အမှတ်(၆၂-A)ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်။ Ph:252939
ဆိုင်ခွဲ(၂)ယုဇနပလာဇာ တတိယထပ်တွင် ၂၅-၅-၂၀၀၄မှစတင်၍ ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

မင်္ဂလာပွဲနေ့ ပွဲထိုင်များအတွက် အထူးအော်ဒါလက်ခံပါသည်။
မိတ်ဟောင်းမိတ်သစ်များ၏အားပေးမှုကို ကျေးဇူးတင်ရှိပါသည်။
ကိုးထက်မိသားစု။

ဒေါ်ကင်တီ
အသက်(၈၆)နှစ်
(မော်လမြိုင်)

မော်လမြိုင်မြို့၊ အမှတ်(၃၄)ဒိုင်းဝန်ကွင်း၊ တရုတ်တန်းနေ(ဦးခွေရှော်-ဒေါ်ပန်းရင်)တို့၏သမီး၊ (တန်ဟိန်ချွန်း(ခ) ဦးကောက်ကွေး)၏ဇနီး၊ (ဒေါ်ခွေး)၊ (ဦးပါ)၊ (ဒေါ်ကျင်အေး)တို့၏ညီမ၊ (ဒေါ်ကွန်ဘို့)၊ (ဦးအီးပွန်)တို့၏အစ်မ၊ ဦးအုံးစိန်(စက်မှုလယ်ယာ၊ ငြိမ်း)-ဒေါ်မြင့်မြင့်ခိုင်၊ (ဦးစိန်ဟုတ်)-ဒေါ်စန်းစန်းဝင်း၊ ဦးတင်ထွန်း-(ဒေါ်ရင်ကြည်)တို့၏မွေးသမိခင်၊ ဒေါ်မိုးမိုးအေး၊ ဒေါက်တာနီနီအေး၊ ဦးစိုးမြင့်အေး၊ မောင်အောင်စိုးမိုး၊ ဦးကျော်ကျော်ရှိန်၊ ဒေါ်ခင်ပပ၊ ဒေါ်ဖြူဖြူဝင်း-ဦးအေးအောင်ညွှန့်၊ မသူသူအေး၊ မပြည့်ပြည့်ငြိမ်း၊ မောင်ဟန်ဝင်းကျော်၊ မအိမ့်ဖြိုးစံတို့၏အဘွားသည် ၃၀-၅-၂၀၀၄ရက်တွင် ဇဟိုစည်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁-၆-၂၀၀၄ (အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(အမှတ်၆၂၊ ၁၃လမ်း၊ လမ်းမတော်နေအိမ်မှ ကားများ နံနက်၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။



ဝမ်းနည်းကြေကွဲခြင်း
ဦးဇော်ဝင်း (၄၉)နှစ်
အောင်ချမ်းသာပွဲရုံ

အစ်ကိုကြီး ဦးဇော်ဝင်း(အောင်ချမ်းသာပွဲရုံ ဘုရင့်နောင်)၂၁-၅-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ အစ်ကိုကြီး ကောင်းရာသုဂတိရောက်ပါစေ။

- မချိုချိုသောင်း(မြတ်သစ္စာပွဲရုံ၊ ဘုရင့်နောင်)
- ကိုထွန်းဇော်သောင်း(သင်ပဲဆီသန့်)
- မအေးအေးသန့်။

မိုးရာသီအထူးဈေးရောင်းပွဲ

Queen Star Computer Center မှနွေရာသီကာလအတွက်အထူး Promotion Package များဖြင့်လုပ်ဆောင်ပေးပါ၍ (10 a.m) မှညနေ (5 p.m) အထိ လာရောက်ကြည့်ရှုလေ့လာနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

အမှတ်–၁၊ ပဒုမ္မာလမ်း၊ ဘားကရာလမ်း၊ စမ်းချောင်း။

502801, 505278, 539151

[illegible]

[illegible]

Ph: 7 2 3 1 0 2

JUNIOR LEADER

Shin Sandaw Pagoda

Read Junior Leader to improve your English.

ဆိုင်ခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ရုပ်ရှင် ၊ ဗွီဒီယိုကြော်ငြာ သရုပ်ဆောင် အကယ်ဒမီ နန္ဒာလှိုင် ၏ ပင်တိုင်မိတ်ကပ် ဆံပင် အလှဖန်တီးရှင်

မိတ်ကပ်– အောင်အောင် (တောင်ကြီး) B.Sc Zoology

၏ ဆိုင်ခန်းသစ်အား ....

အမှတ်(၂၂၃) ဒုတိယထပ် (ဝ) မဟာဗန္ဓုလပန်းခြံလမ်း(အားလမ်း) အထက်ဘလောက်(စီပယ်ဦးတေးသံသွင်းဆေးပါထ) ရန်ကုန်မြို့။

☎ ရ၀၆ရ၆၄

သို့ (၁–၆–၂၀၀၄) နေ့မှ စ၍ ပြောင်းရွှေ့ဖွင့်လှစ် လိုက်ပါသည်။ မိတ်သစ်မိတ်ဟောင်းများအား ကြိုဆိုလျက်

* ဘယ်ဖ်ားနှင်းပြောင်ခဲ့သည် *

ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၃)၊ အဋ္ဌမတန်းမှ မနိုင်နိုင်စိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးသိန်း [၁၃/တယန(နိုင်)၀၈၃၇၀]ဖြစ်ပါကြောင်း။

REAL JOY

ခရီးစဉ်အမျိုးမျိုးအတွက် HIACE, TOWNACE, MINIBUS, [illegible]

☎09-50-18340, 294069, 202978

လမင်းသာ

မျိုးအောင်

ဓာတ်ရိုက်၊ ဓာတ်ဆင်

လက္ခဏာဗေဒင်

၁ မှ ၂၅ရက်–

၆၊ လမ်း(၁၄၀)၊

မအူကုန်း၊ ရန်ကုန်မြို့၊

ယုဇနပလာဇာရှေ့။

ဖုန်း–၂၀၂၄၂၄

၂၆မှ လကုန်အထိ–၄၁၄၊

မရမ်းကုန်း၊မော်လမြိုင်မြို့။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်းဖွံ့ဖြိုးသာခန်းထားရန်)

၁။ စာရင်းကိုင် - (မ) (၂) ဦး
- B.Com (or) B.Econ (or) LCCI Level III
- လုပ်ငန်းအတွေ့အကြုံရှိပြီး Computer ကျွမ်းကျင်သူဖြစ်ရမည်။

၂။ စာတေမြိန် - (ကျား/မ) (၁) ဦး
- [illegible]

၃။ Office Staff - (မ) (၂) ဦး
- [illegible]

၄။ Sale Supervisor - (ကျား/မ) (၂) ဦး
- [illegible]

၅။ Salesman (ရောင်း/မောင်း) - (ကျား) (၄) ဦး
- [illegible]

၆။ Sale Promoter - (မ) (၅) ဦး
- [illegible]
- [illegible]

၇။ Production Supervisor - (ကျား/မ) (၁) ဦး
- [illegible]

၈။ ယာဉ်မောင်း - (ကျား) (၄) ဦး

[illegible]

☞ K Best Choice Co., Ltd.

[illegible] ရန်ကုန်မြို့။

ဝီဇယ်ဆောက်ဆီ

[illegible]

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ဖုန်း–၂၄၅၆၄၅။

NPE **NPE**

စာပေမြတ်နိုးသူများအတွက်
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
စာအုပ်ဆိုင်

- မေတ္တာမြဲလွှမ်း ဒေသချမ်းသာယာ ပြည်မြန်မာနှင့်အခြားဆောင်းပါးများ
- ဘုရားတေးလိုက်နာသွားဆိုနှင့် အခြားကဗျာများ
- မြန်မာဥဒ်စွန်း-မြန်မာ့မော်ကွန်း
- သမိုင်းတွင် သမိုင်းတင်မဲ့သည့် ချစ်ကြည်ရေးစာမှတ်တမ်းများ(မြန်မာ-အင်္ဂလိပ်)
- ခေါ်စုကြည် အင်နီအယ်ဒီပါတီနှင့် ကျွန်တော်တို့၏မျှော်လင့်ချက်ရောင်နီ (မြန်မာ-အင်္ဂလိပ်)
- မှန်နန်းရာဇဝင် (၁+၂+၃တွဲ)
- ပြည်ထောင်စုအရေးမျှော်တွေးလို့ မြင်တေချစ်နှင့် အခြားဆောင်းပါးများ
- တပ်မတော်သမိုင်း (အတွဲ ၁မှ ၈)အထိ
- ဓာတ်တော်ကြီး ၁၀ ဘွဲ့ (မြန်မာ-အင်္ဂလိပ်)
- ဗုဒ္ဓဂေါင်ဦးဒေသရှိ ရှေးဟောင်းစေတီပုထိုးများ (မြန်မာ-အင်္ဂလိပ်)
- မြန်မာပြည်ရှိ ရှေးဟောင်းဘုရားစေတီပုထိုးများ (မြန်မာ-အင်္ဂလိပ်)
- ငါးရာ့ငါးဆယ် ဇာတ်တော်တွေ(အကျဉ်း) (၁+၂) (မြန်မာ-အင်္ဂလိပ်)
- ရှမ်းပြည်နယ်တောင်ပိုင်းရှိ ရှေးဟောင်းစေတီပုထိုးများ (မြန်မာ-အင်္ဂလိပ်)
- သိထားရမည့် အင်္ဂလိပ်စာလုံးတွဲများ အင်္ဂလိပ်ဝါကျတည်ဆောက်ပုံများ
- အီရုတ်စစ်မြေပြင် မငြိမ်းချမ်းသောအီရုတ်စစ်မြေပြင်
- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝတ္ထုတိုစဉ်
- အစရှိကတို လူတွေ့ဘာကြောင့်မှန်း နှင့် စာပေတောင်းမျိုးပေါင်း ၁၀၀၀ ကျော်ကိုတစ်နေရာတည်းတွင် ဝယ်ယူရရှိနိုင်ပါပြီ။

(လက်ကျန် အနည်းငယ်သာကျန်ရှိပါသဖြင့် အမြန်ဝယ်မှ စိတ်ချရမည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်
(၂၁၂) သိမ်ဖြူလမ်း ရန်ကုန်မြို့။
☎ ၂၉၄၃၀၆

မိုးရာသီအိမ်ရာအရောင်းပွဲတော်

(၁.၆.၂၀၀၄ မှ ၁၅.၆.၂၀၀၄) အတွင်း

"ယုဇနတောက်လှုပ်ရေးအဖွဲ့၏ဖွန့်ဖြိုးတိုးသောစေတနာ"

(ရေတိုင်၊ ရေတိုင်၊ တိုက်ခွန့် ဖြိုဖွန့် စေနိုင်ရမည်)

- အဆင်သင့်နေနိုင်သည့် တိုက်ခန်းသစ်များ ၊ တည်ဆောက်ဆဲတိုက်ခန်းများ ၊ ဆိုင်ခန်းများ ၊ မြေကွက်များ
- လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ သုဝဏ္ဏမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံတောင်/မြောက်မြို့နယ်
- တိုက်ခန်းမျိုးစုံ ၊ အထပ်စုံ ၊ အရွယ်စုံ HALL TYPE ၊ ROOM TYPE
- လူနေခန်းပဲလုပ်လုပ်၊ ရုံးခန်းပဲလုပ်လုပ်၊ စီးပွားရေးပဲလုပ်လုပ်၊ ကြိုက်တာလုပ်နိုင်သည့် အခန်းများ

ပွဲတော်ကာလအတွင်း ၂၀% မှ ၃၀% အထိ လျှော့၍ ဦးရာလူနေစံ ဖြင့် ရောင်းချပေးပါမည်

အမြတ်ခွန် ကို ဝယ်ယူသူမှ ပေးရန်မလိုပါ၊ ရောင်းချသူမှ ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးသွင်းပါမည်

တိုက်ခန်းတန်ဖိုးအနည်းဆုံး (၂၀) သိန်းဖြစ်ပါတယ်

အနယ်နယ် အရပ်ရပ်မှ စဉ်ဆက်မပြတ် ဝယ်ယူအားပေးသူအားလုံးကို အထူးကျေးဇူးတင်လျက်ရှိပါကြောင်း

အရောင်းဌာန – ယုဇနစင်တာ (ရုံးချုပ်)၊ တတိယထပ်၊ အမှတ် (၁၃၀) ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၅၄၀၇၄၅၊ ၅၄၀၇၄၆၊ ၅၄၀၇၄၇

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယိကာမကြီး

ဒေါ်ခင်စောရီ

အသက်(၉၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ချောင်းဝနေ (ဦးဘိုးလှ–ဒေါ်သိန်း)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နိဗ္ဗာန်လမ်း၊ အမှတ်–၂၀နေ (ဦးလှဖေ၊ ဦးဓမ္မိကသာရ)၏ဇနီး၊ စကားဝါပင်လမ်းနေ (ဦးကွန်းရွှေ)–ဒေါ်ကြည်လေးတို့၏ အစ်မကြီး၊ (ဦးတင်အေး)–ဒေါ်ခင်သန်းယု၊ တေးသံရှင်ဦးမျိုးမြင့်လေး–ဒေါ်ကြင်မွေး၊ ဦးအေးသန့်–ဒေါ်နုနုရီ၊ ဦးသိန်းဆွေ(မြန်မာ့နဝရတ်မျက်မှန် သမဝါယမအသင်းလီမိတက်)–ဒေါ်ပပဝင်း၊ ဒေါ်မာလာသန်း(အလက ၈၊လှိုင်)တို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၂၇ယောက်၊ မြစ် ၁၅ယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည်၃၁–၅–၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ၁း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ကိုညီညီကျော်လတ်(ခ)ညီညီ(စီးပွားရေး)

အသက်(၄၈)နှစ်

သွေးသောက်မဂ္ဂဇင်း အယ်ဒီတာဆရာဦးပြည့်စုံနှင့် စာရေးဆရာမကြီး ဒေါ်ခင်လတ်တို့၏သား စာရေးဆရာ၊ ပင်တိုင်ဆောင်းပါးရှင် ညီညီကျော်လတ်(ခ) ညီညီ(စီးပွားရေး)သည် ၂၅–၅–၂၀၀၄ရက် နံနက် ၄နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စာနယ်ဇင်းသမားများ။

ဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့မှ ဒေါက်တာဦးလှအောင်နှင့်ဇနီး ဒေါက်တာဒေါ်ခင်လေးတင့်၊ သမီးချွေးမနှင့်မြေးများသည် ၂၀–၅–၂၀၀၄ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Supreme Group of Companies။

ဘုရား၊ ရဟန်း၊ ကျောင်း၊ သိမ် ဒါယိကာမကြီး

ဒေါ်ကျင်ကျင်ရီ(ခ)ဒေါ်ခင်အေး

အသက်(၆၄)နှစ်

(မြောင်းမြ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တိုက်(၈/၁၀)၊ အခန်းအမှတ်(4-E)နေ (ဦးဝင်းကြင်–ဒေါ်ကြင်ငွေ)တို့၏သမီး၊ (ဦးတင်ဦး)၏ဇနီး၊ မနီနီတင်ဦး၊ မနိုင်နိုင်တင်ဦး၊ မခင်ခင်တင်ဦး၊ မသီတာတင်ဦး၊ မနီလာတင်ဦး၊မဖြူဖြူသန့်တင်ဦးတို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီးသည် ၃၁–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်နန်းကျောက်

အသက်(၄၆)နှစ်

တာချီလိတ်မြို့၊ မကာအိုခမ်းရပ်၊ အမှတ်(၄/၂၈)နေ ဦးခင်အောင်၏ဇနီး ဒေါ်နန်းကျောက်သည် ၂၉–၅–၂၀၀၄ ရက်တွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၁–၅–၂၀၀၄ရက်တွင် ကျောက်တောင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

မောင်အောင်ကိုကိုမျိုး

အသက် (၂၈) နှစ်

ရန်ကင်း

ရန်ကုန်မြို့နေ (ဦးမြဟန်–ဒေါ်ငွေခ)၊ (ဦးထွန်းတင့်–ဒေါ်ကျွေကျွေ) တို့၏ မြေး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ တိုက်အမှတ်(၁၅)၊ အခန်း(၅)နေ ဦးမျိုးညွန့်(မန်နေဂျာ၊ Lwin & Swan Motor)–ဒေါ်ဝင်းဝင်းတင် (သမဝါယမဦးစီးဌာန–ငြိမ်း) တို့၏သားကြီး၊ မခိုင်စပယ်မျိုး (Lwin & Swan Motor) ၏ အစ်ကိုသည် ၃၁–၅–၂၀၀၄ ရက် နံနက်၁၂း၀၅နာရီတွင် ရန်ကုန်မြို့၊ ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန် သွားပါ၍ ၂–၆–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရောင်းမည်

G.F, HKနစ်လွှာ ရောင်းမည်။ ရေကျော်၊ ဖေယျာမြိုင် ပန်းခြံအနီး၊ (၁၅ ပေ X၅၀ပေ) ရေ၊ မီး၊ Air conပါ ကိုယ်ပိုင်၊ပြင်ဆင်ပြီး။အသင့်နေနိုင်။

Ph.561596။

ဒေါ်မြသန်း (၆၃)နှစ်

(ညောင်ရွာ)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း၊ သိမ်ဖြူတင်းနစ်ကွင်း၊ အခန်း (၈)နေ ဦးထွန်းဝင်း(အား/ကာ၊ငြိမ်း)၏ဇနီး၊ ဒေါ်စိန်တင်(ညောင်ရွာ)၏ညီမ၊ ဦးတင်ဝင်း(အား/ကာ)–ဒေါ်လှတင်တို့၏အစ်မ၊ ဦးတင်ယု–ဒေါ်သန်းသန်းမြင့်၊ ဦးအေးထွန်း–ဒေါ်ကြူမော်အေး၊ ဦးအောင်ဝင်း၊ ဦးဝင်းနိုင်–ဒေါ်ခင်ဌေးဝင်း၊ ဦးဝင်းမြင့်–ဒေါ်တင်ယုရွှေ၊ (ဦးညွန့်ထွေး)–ဒေါ်ဥမ္မာဝင်းတို့၏မွေးသမိခင်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၃၀–၅–၂၀၀၄ရက်တွင် SSC(ရွှေဂုံတိုင်) အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁–၆–၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုးဝင်း(ခ)အော်ပူးစိန်း

အသက်(၅၇)နှစ်

(ထားဝယ်)

ထားဝယ်မြို့၊ ဒေါင်းငူရပ်၊ မင်္ဂလာလမ်းနေ (ဦးခီးရောင်–ဒေါ်ကင်ချွန်း) တို့၏သား၊ဦးခင်မောင်တင်–ဒေါ်ကြူဌေးတို့၏ညီ/မောင်၊ ထားဝယ်မြို့၊ အမှတ်–၁၁၁၊ ဈေးတောင်ဘက်လမ်း၊ ခုံဝင်းဒပ်ရပ်နေ ဒေါ်ဂင်ကြွယ်၏ခင်ပွန်း၊ မရွှေးရွှေးစန်း၊ မောင်မောင်လေပြေအေး၊ မဖွေးဖွေးစန်း၊ မောင်မောင်သော်တာဌေးတို့၏ ဖခင်သည် ၃၁–၅–၂၀၀၄(တနင်္လာနေ့)တွင် ဗဟိုစည် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။

(အမှတ်(၁၁၅/ဘီ)၊ တတိယထပ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မအေးသီတာစိုး (၃၁)နှစ်

B.A (Myanmar)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁၁)၊ ဦးဝိစ္စာလမ်းနေ (ဦးစိုးညွန့်) – ဒေါ်တင်ကြည်တို့၏သမီး၊ မညိုညိုစမ်း၊ ကိုကိုလတ်၊ မခင်စိုးမိုးသူ၊ မောင်မောင်စိုးတို့၏ညီမ၊ မဇင်မာစိုးတို့၏အစ်မ မအေးသီတာစိုးသည် ၃၁–၅–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂–၆–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် သဃ်ာန်းကျွန်းစံပြဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပျောက်ဆုံးကြောင်းကြေညာခြင်း

ကျွန်တော်များ NET Work Marketing Ltd. ၏ DELEVERY ORDER No.129984/ 25-5-2004 မှာ ဗိုလ်အောင်ကျော်ဆိပ်ကမ်း၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်။

NET Work Marketing Ltd.
Ph.290886

ဒေါ်စောကျင်

အသက်(၈၃)နှစ်

(ထားဝယ်)

ထားဝယ်မြို့၊ အမှတ်(၂၆၇) သီတာလမ်း၊ ကညုံရပ်နေ (ဦးဟံဘ–ဒေါ်ရှင်သူ) တို့၏သမီး (ဆွာခင်းဟို)၏ဇနီး၊ ဒေါ်ချင်းဗုမ်၊ ဦးရွှေတွင်၊ ဒေါ်ချင်ဗုင်၊ ဦးဂွမ်ချိန်–ဒေါ်ခင်ငြိမ်း၊ ဦးဂွမ်စိန်–ဒေါ်မီမီလှ၊ ဦးကျော်မြင့်–ဒေါ်ချင်စိုး၊ ဦးချွမ်စိန်၊ ဦးကျော်ဆန်းဦး–ဒေါ်ချင်ထွေး၊ ဦးမောင်မောင်ထွေး–ဒေါ်ခင်ခင်ဝင်းတို့၏ မွေးသမိခင်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၃၁–၅–၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၄–၆–၂၀၀၄ (သောကြာနေ့) မွန်းလွဲ၂နာရီတွင် အထက်ပါနေအိမ်မှ ထားဝယ်မြို့ ကူးတို့တရုတ်သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်လှလှ

အသက်(၆၂)နှစ်

ရန်ကုန်မြို့နေ (ဦးဘိုနီ–ဒေါ်သိန်း) တို့၏ သမီး၊ (ဦးဖေတင်–ဒေါ်တင်တင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၁၈)၊အာဇာနည်လမ်း၊ ဆရာစံမြောက်၊အနောက်ရပ်ကွက်နေဦးမောင်မောင်ကြည်၏ ဇနီး၊ ဦးသိန်းဆွေ(အောင်သူရိန်ဆောက်လုပ်ရေး) – ဒေါ်လွင်လွင်မော်[အလက–၂၊ ဗဟန်း(ငြိမ်း)]၊ ဦးစိန်လွင်–ဒေါ်စုစုမော်(ကကဌေ–ငြိမ်း)၊ ဦးဝင်းလွင်ဦး၊ ဒေါ်စန္ဒာမော်(ရှီးမဘာဏ်၊ မြေနီကုန်း)၊ ကိုသန်းထိုက်(ခ)တရုတ်ကြီးတို့၏မိခင်၊ မြေးငါးယောက်တို့၏ဘွားဘွားကြီးသည် ၂၀–၅–၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁–၆–၂၀၀၄(အင်္ဂါနေ့)ညနေ ၄နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ ညနေ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ခင်ငွေ (a) Mrs. Joyce Fernandez (DAYE)

အသက်(၅၉)နှစ်

(ST. Philomenas ကျောင်းသူဟောင်း)

EX Teacher of ST John Convent

EX Staff Of Diplomatic Shop

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းလမ်း၊ ကျောက်မြောင်း၊ အမှတ်(၇၅)၊ ငါးလွှာ (ခေါင်းရင်း)ခန်းနေ ဦးTony Fernandez (ကြီးကြပ်ရေးမှူး၊ ငြိမ်း၊ ဗဟိုဘဏ်)၏ဇနီး၊ ဒေါ်Rita–ဦးမိုက်ကယ်တင်လေး၊ ဒေါ်Olive–ဦးအောင်မြင့်၊ ဒေါ်Dorothy–ဦးခင်ညို၊ ဒေါ်Sally–(ဦးနန်းကို)၊ ဒေါ်Jenny–ဦးသက်လွင်၊ (ဦးPatrick)–ဒေါ်ဘဲဖော့(S.P.Y.G.N)တို့၏ ချစ်လှစွာသောအစ်မကြီး၊ ဦးဆန်းဦး–ဒေါ်ကြည်ကြည်ဝင်း၊ ဦးဆန်းဝင်း(လက်ရွေးစင်ဘောလုံးသမားဟောင်း ဆလရ၊ မျိုးဆက်သစ် လက်ရွေးစင်ဘောလုံးနည်းပြ)–ဒေါ်တင်တင်အောင်၊ မစန်းစန်းဝင်းတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၃၁–၅–၂၀၀၄ ရက်တွင် အာရုတော်ဝင်ဆေးခန်းတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁–၆–၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁း၃၀ နာရီတွင် ST. FRANCIS CHURCH တာမွေ၌ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကိုသိန်းဦး

အသက် (၄၂)နှစ်

ရန်ကုန်တိုင်း၊ ဒလမြို့နယ်၊ ဗညားဒလရပ်ကွက်၊ ဦးအောင်ဇေယျ (၁၁) လမ်း၊ အမှတ်(၂၂၁၅)နေ ဦးသိန်းအောင်(ခ)ဦးသိန်းတင်–ဒေါ်ငွေသန်းတို့၏ သား၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း၊ အမှတ်(၇၂၈)နေ၊ ဦးမောင်လွင်–ဒေါ်ခင်သစ်တို့၏သားသမက်၊ မအေးအေးသိန်း (မင်္ဂလာဈေး၊ ကြယ်စင်လမ်း၊ ဆိုင်အမှတ်–၇၈၆၊ပ–ထပ်)၏အစ်ကို၊ မကေသီလွင် (မင်္ဂလာဈေး၊ ရွှေစင်စကြာ–ဆိုင်အမှတ်–၆၁၅၊ ပ–ထပ်)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်နိုင်ကိုဦး၊ မောင်စောရန်နောင်တို့၏ ဖခင်သည် ၃၁–၅–၂၀၀၄ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂–၆–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ကားများ နံနက် ၁၁ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ပု (ပဲခူး)

အသက် (၈၄)နှစ်

ပဲခူးမြို့ အောင်သုခဓမ္မရိပ်သာ ဆရာတော်ဦးစန္ဒိမာ၏ ရဟန်းဒါယိကာမကြီး၊ မိုးခိုင်ကြီးရွာနေ (ဦးဘကျော်–ဒေါ်တင်) တို့၏သမီး၊ ဟင်္သာတမြို့နေ ဦးခန့်–ဒေါ်ဖက်ဖူးတို့၏ ချွေးမ၊ ဦးမြင့်သိန်း–ဒေါ်ခင်ခင်ဝင်း၊ ဦးစိုးဝင်း–ဒေါ်ခင်နွဲ့ဦး၊ မလှမြင့်၊ ကျိုက်ပဒိုင်ရွာလေးနေ ဦးနဂဝံသ၊ ဦးခင်ဇော်–ဒေါ်ခင်ဌေးဦးတို့၏မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၃၀–၅–၂၀၀၄ နေ့တွင် ကွယ်လွန်သွားပါ၍ ၁–၆–၂၀၀၄ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ပဲခူးမြို့ ဇိုင်းဂနိုင်းမြောက်ပိုင်း ကမ်းနားလမ်း အမှတ် (၁၉၇)နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းအမကြီး

ဒေါ်ခင်ဌေး

အသက်(၇၀)

(ကွမ်းခြံကုန်း၊တော်ကူးကြီး)

ရန်ကုန်မြို့၊အမှတ်(၅၀)၊(၁၄၁)လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးကြီးဖေ–ဒေါ်သိန်းရှင်)တို့၏ သမီး၊ (ဦးစိန်လှိုင်)–ဒေါ်ကြည်ကြည်တို့၏ ညီမ၊ ဦးဆန်းတင့်အောင် – ဒေါ်ဇင်မာအေး၊ ဦးသန်းထွဋ်(ဆည်မြောင်း၊ရန်ကုန်တိုင်း)–ဒေါ်မာလာ(ရန်ကုန်အဝေးသင်တက္ကသိုလ်) တို့၏ ကျေးဇူးရှင်မိခင်၊ မောင်ဝေဖြိုးအောင်၊ မမေသူအောင်၊ မောင်ပိုင်ရဲဦး၊ မသီရိမြတ်နိုးတို့၏အဘွားသည် ၃၀–၅–၂၀၀၄ရက်တွင် သျှင်ပါကူအထူးကုဆေးခန်း၌ကွယ်လွန်ပါ၍ ၁–၆–၂၀၀၄ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်မြင့်

အသက်(၆၄)နှစ်

တပ်မတော်–ကြည်း(ငြိမ်း)

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ မြောင်းတကာရွာနေ(ဦးအောင်ကြည်)–ဒေါ်တင်ပုတို့၏သားကြီး၊ ဦးစိန်ဝင်း(ပညာရေး)–ဒေါ်တင်မြင့်၊ ဦးခင်စိုး၊ တပ်ကြပ်ကြီးသန်းထွန်း၊ ဒေါ်တိုးတိုးကြည်၊ ဒုအရာခံဗိုလ်မျိုးဆွေ–ဒေါ်ခင်စန်း၊ ဒုအရာခံဗိုလ်ကျော်ကျော် – ဒေါ်လှလှဆင့်၊(ဦးမြင့်ဆွေ–ဒေါ်ချို)၊ တပ်ကြပ်ကြီးဝင်းမြင့်(ငြိမ်း) – ဒေါ်တင်တင်ဝင်း(မနော–ကျိုက္ကလို့)တို့၏ အစ်ကိုကြီး၊ အမှတ်(၁၃၇)၊နန္ဒသူရိန်လမ်း၊ (၁၄/၅) ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်နေ ဒေါ်သန်းချစ်၏ခင်ပွန်း၊ မအေးအေးမြင့်၊ မောင်သိန်းမြင့်၊ ကိုစိုးဝင်း(MCS)–မနီနီမြင့်၊ မောင်စိုးရှင်(သန်မြန်သူမောင်တော်ယာဉ်လိုင်း)၊ မခင်မာချိုတို့၏ မွေးသဖခင်သည် ၂၇–၅–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၉–၅–၂၀၀၄ရက်မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်မြသန်း

အသက်(၆၃)နှစ်

(ညောင်ရွှေ)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း၊ သိမ်ဖြူတင်းနစ်ကွင်း၊အခန်း (၈)နေ ဦးထွန်းဝင်း(အား/ကာ၊ ငြိမ်း)၏ဇနီး၊ မောင်မျိုးသီဟဇော်(Final Part I တပ်မတော်ဆေးတက္ကသိုလ်)၊ မမြတ်နိုးအေး(VIA အထက–၄ ဗိုလ်တထောင်)၊ မောင်စိုးသီဟအောင် (I-c အမက ၁၄ တောင်ညွန့်)၊ မောင်ဝင်းထက်ပိုင် (X အထက(၁)ဒဂုံ)၊ မောင်စိုးထက်နိုင် (VII A အထက(၁) တောင်ညွန့်)၊ မောင်အောင်ဖြိုးအေး (VIA အထက(၁) တောင်ညွန့်)၊ မောင်သော်ဇင်စိုး (XA အထက(၁)တောင်ညွန့်)၊ မောင်ဝေဇင်စိုး၊ မောင်ဝင်းထက်ဟိန်း(VIII A အထက (၁)တောင်ညွန့်)၊ မောင်ကောင်းထက်စံတို့၏ ချစ်လှစွာသောအဘွားသည် ၃၀–၅–၂၀၀၄ရက်ည ၁၁း၁၅ နာရီတွင် S.S.c (ရွှေဂုံတိုင်) ဆေးခန်းတွင် ကွယ်လွန်သွားပါ၍ ၁–၆–၂၀၀၄ ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ နေအိမ်မှကားများနံနက် ၈း၃၀ တွင်ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု။

ဦးစင့်ကြည်(ခ)ကြူစင့်ကြည်

အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၅၇)၊ ၇လမ်း၊ ဒုတိယထပ်နေ (ဦးကြူဟူမ–ဒေါ်ကျန်ရိုယာ)တို့ ၏သား၊ တန်ရှုအိမ်(ခ) ဒေါ်ဘောရာ၏ ခင်ပွန်း၊ ဦးကျင်သိန်း၊ ဒေါ်ခင်သိန်း၊ ဦးချန်ကာဗိုး–ဒေါ်ကြူလေဟွန်း၊ ဦးစိန်လွင်–ဒေါ်မြင့်မြင့်၊ဒေါ်မြင့်မြင့်လေး၊ ဒေါ်မြင့်မြင့်အေး၊ ဦးမောင်ပို–ဒေါ်ရူဘီ၊ ဦးမောင်စစ်(ဒါရိုက်တာ၊ အဆောင်ကောင်းကုမ္ပဏီ) တို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၃၀–၅–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၃–၆–၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း ဒါယိကာမကြီး

ဒေါ်ထွေး

အသက်(၈၈)နှစ်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ရန်ကုန်အင်းစိန်လမ်း၊ အမှတ်(၆၀)နေ (ဦးမောင်တင်)၏ ဇနီး၊ (ဦးသက်တင်)–ဒေါ်သန်းသန်း၊ ဦးသန်းအောင် [ဥက္ကဋ္ဌ၊ အမှတ်(၉)ရပ်ကွက်၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ လှိုင်မြို့နယ်]–ဒေါ်မြကြည်၊ ဦးသိန်းစိုး–ဒေါ်တင်တင်ညွန့်တို့၏ မွေးသမိခင်၊မြေး၁၄ယောက်၊ မြစ်၁၂ ယောက်တို့၏ အဘွား ဒေါ်ထွေးသည် ၃၁–၅–၂၀၀၄(တနင်္လာနေ့) နံနက် ၃း၁၅ နာရီတွင် သုခကမ္ဘာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂–၆–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သိန်း

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)

အထက(၁)တောင်ကြီးမြို့

အသက်(၈၅)နှစ်

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ရေထွက်ဦးလမ်း၊ အိမ်အမှတ်–၁၇၉နေ (ဦးငယ်–ဒေါ်ဇင်)တို့၏ သမီးထွေး၊ (ဦးတင်ကြီး–ဒေါ်ခင်သိန်း)၊ (ဦးတင်ကလေး)–ဒေါ်လှလှ၊ ဒေါ်ခင်ကြည် (ကျောင်းအုပ် ဆရာမကြီး / ငြိမ်း)၊ (ဒေါက်တာဦးဘဝင်း) – ဒေါ်ခင်စောလှ၊ (ဒေါက်တာ ဦးတင်စိန်–ဒေါက်တာဒေါ်ခင်မြ)တို့၏ညီမ ဒေါ်ခင်သိန်းသည် ၃၁–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁–၆–၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် တောင်ကြီးမြို့ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးမောင်ဝ

အသက်(၇၈)နှစ်

(မအူပင်)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ စဉ့်အိုးတန်းလမ်း၊ အမှတ်(၅၅)နေ (ဦးဘသောင်း–ဒေါ်သီ)တို့၏သား၊ ဒေါ်လှမြိုင်၏ခင်ပွန်း၊ ဦးမောင်မောင်ဦး–ဒေါ်စန္ဒာသောင်း၊ ဦးမောင်မောင်ခင်–ဒေါ်ခင်သန်းစိန်၊ ဦးဇော်ဝင်း–ဒေါ်မိမိကြူ၊ဦးတင်ထွန်းအောင်–ဒေါ်ခင်နီလာ တို့၏ မွေးသဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၃၁–၅–၂၀၀၄ ရက်တွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂–၆–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်လှိုင်(ခ)အမော်ကောက်

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၃လမ်း၊ အမှတ်–၂၄နေ (ဦးဘငြိမ်း–ဒေါ်ကြိုင်တီ)တို့၏သားကြီး၊ ဒေါ်ကျော့စိန်၏ ခင်ပွန်း၊ ကိုဝင်းစိန်–မစိန်စိန်လှိုင်၊ ကိုမောင်မောင်အေး – မဝင်းဝင်းလှိုင်၊ ကိုမြင့်စိုးဝင်း–ဒေါက်တာ ဌေးဌေးအောင် တို့၏ဖခင်၊ မောင်ကိုကိုလှိုင်ဦး၊ မထက်ထက်အေး၊ မစုမြတ်အေးတို့၏ အဘိုးသည် ၃၁–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘဒ္ဒန္တ တေဇဗလမဟာထေရ်

(ထားဝယ်)

သိက္ခာတော်(၆၇)ဝါ၊ သက်တော်(၈၇)နှစ်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်၊ အမှတ် (၆) ရပ်ကွက် အောင်သုခလမ်း၊ သုခရိပ်သာကျောင်းတိုက်၏ ဦးစီးပဓာနမဟာနာယက၊ ရန်ကုန်မြို့ ထားဝယ်ဆရာတော်များဦးစီးသော ထားဝယ်ရဟန်းတော်များ နာရေးထောက်ပံ့မှုအသင်းနှင့် ပရိယတ္တိနုဂ္ဂဟစာမေးပွဲအောင်ဆု ချီးမြှင့်ရေးအသင်း၏ ဩဝါဒါစရိယဖြစ်တော်မူသော ဘဒ္ဒန္တတေဇဗလမဟာထေရ်မြတ်သည် ၁၃၆၆ ခုနှစ် နယုန်လဆန်း ၁၂ ရက် (၃၀–၅–၂၀၀၄)ရက်၊ တနင်္ဂနွေနေ့ နံနက် ၉း၃၀ နာရီတွင် အထက်ပါကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါ၍၃–၆–၂၀၀၄ရက် နယုန်လပြည့်ကျော် ၁ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် သုခရိပ်သာကျောင်းတိုက်မှ ရေဝေးသုသာန်သို့ပင့်ဆောင်၍ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိတပည့်ဒါယက ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (မော်တော်ယာဉ်များသုခရိပ်သာ ကျောင်းတိုက်မှ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်)

တပည့်သံဃာတော်များနှင့်ဒါယကာ ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂမ်မြို့၊ ဘာမင်ဂမ်ဗုဒ္ဓဝိဟာရ

ဦးစီးပဓာနနာယက

ကမ္ဘာ့ဗုဒ္ဓဘာသာသံဃာ့အဖွဲ့ ဒုတိယဥက္ကဋ္ဌ

ကမ္ဘာ့ဗုဒ္ဓသာသနာပြု၊အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တ ဒေါက်တာ ရေဝတဓမ္မ

သိက္ခာတော်(၅၅)ဝါ၊ သက်တော်(၇၅)နှစ်

အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂမ်မြို့၊ ဘာမင်ဂမ်ဗုဒ္ဓဝိဟာရ၏ ဦးစီးပဓာနနာယက၊ လန်ဒန်ဗုဒ္ဓဝိဟာရ၏ ဩဝါဒါစရိယ၊ Vice-Chairman of World Buddist Sangha Council၊ ဘာမင်ဂမ်မြို့ Aleader of City Faith and Patron of the Birmingham Council of Faiths ဖြစ်တော်မူသော ကမ္ဘာ့ဗုဒ္ဓသာသနာပြု၊ ကျမ်းပြုအကျော်၊ ဘာသန္တရဆောက အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဒေါက်တာ ရေဝတဓမ္မသည် နယုန်လဆန်း(၈)ရက်၊ ၂၆–၅–၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ဘုရား၏ အန္တိမ အဂ္ဂိရှာပနပူဇာသဘင်ကို နယုန်လပြည့်ကျော်(၂)ရက် ၄–၆–၂၀၀၄ (သောကြာနေ့) တွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။ အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂမ်မြို့

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးကဝိန္ဒ (ပုဏ္ဏားကျွန်း)

သိက္ခာတော်(၃၅)ဝါ၊ သက်တော်(၅၆)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၇/အနောက်တက္ကသိုလ်ပရိယတ္တိကျောင်း ဒုတိယနာယကဆရာတော် ဦးကဝိန္ဒသည် ၁၃၆၆ခုနှစ် နယုန်လဆန်း၁၃ရက် ၃၁–၅–၂၀၀၄ မွန်းလွဲ၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလပ်တော်အား ၁၃၆၆ခုနှစ် (နယုန်လပြည့်နေ့) ၂–၆–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါကျောင်းတိုက်မှ ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမ အဂ္ဂိရှာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

တက္ကသိုလ်ပရိယတ္တိကျောင်းဆရာတော်နှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ။

ဘုရား၊ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးတက်ထွန်း

အသက်(၆၈)နှစ်

စခန်းမှူး(ငြိမ်း)

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ အမှတ်–၉၊ သုခလမ်းနေ ဦးဘတင်ညွန့်–ဒေါ်မြမြတို့၏သားကြီး၊ ဒေါ်ခင်စန်းယဉ်(ခ)ဒေါ်ရှယ်လီ၏ခင်ပွန်း၊ ဦးချစ်ဝေ–ဒေါ် ခင်စောနွဲ့၊ ဦးပြေငြိမ်း–ဒေါ်စုစု၊ ဦးနေဝင်း၊ ဒေါ်ကြည်ကြည်ဝင်းတို့၏ အစ်ကို၊ ဦးကြည်ဝင်း–ဒေါ်ခင်ဆွေဦး၊ ဦးကြည်မြင့်–ဒေါ်သန္တာဖြူ၊ ဦးဇေယျာလှိုင်–ဒေါ်လှလှရီ၊ ဦးအောင်ဆိုင်း–ဒေါ်လှလှကြည်၊ ဦးခင်အေး–ဒေါ်ဥမ္မာရီ၊ ဦးမိုးသူရ–ဒေါ်မြတ်မြတ်မွန် တို့၏ ဖခင်၊ မြေး ၁၅ယောက်တို့၏အဘိုးသည် ၃၀–၅–၂၀၀၄ရက်တွင် သဃ်ာန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁–၆–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် စံပြဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ဆိတ်(ခ)ဒေါ်အုံးမြင့်

အသက်(၆၄)နှစ်

(ကဝမြို့)

ပဲခူးတိုင်း၊ ကဝမြို့(၃)ရပ်ကွက်၊ ပဲခူးလမ်း(၃/၉၁)နေ ဦးကြည်လှ၏ ဇနီး၊ ကိုခင်ဝေ(ကြေး/မြေရုံးချုပ်)– မစန်းစန်းဦး(ရွှေတောင်ထွန်း၊ ယုဇနပလာဇာ)၊ မကြည်ကြည်ခိုင်၊ ကိုအောင်စိုးဦး (စိုက်/ဘဏ်ရုံးချုပ်) – မစန်းစန်းလွင်၊ ကိုသန့်ဇင်(ထွေအုပ်–ကဝ)–မစန်းစန်းဝင်း(ပညာရေး–ကဝ)၊ ကိုသန်းလွင်–မခင်စန်းမြင့်တို့၏မိခင်၊ မနှင်းရွှေရည်ဖူး၊ မောင်ရန်လင်းအောင်တို့၏ အဘွားသည် ၂၅–၅–၂၀၀၄(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၇–၅–၂၀၀၄(ကြာသပတေးနေ့)တွင် ကဝမြို့၌ သဂြိုဟ်ပြီးစီးပါကြောင်း အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်အေးသက်

အသက်(၇၆)နှစ်

သုဝဏ္ဏ

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၅)ရပ်ကွက်၊ သံသုမာလမ်း၊ တိုက်အမှတ် (၃၀၄)၊ အခန်း(၁)နေ (ဦးတင်ယုံ–ဒေါ်ချို)တို့၏သမီး၊ ဦးတင်အောင် (အငြိမ်းစား၊အင်/ယာချုပ်ရုံး ဆ.သ.ရ)၏ဇနီး၊ ဦးမြင့်ဟန်–ဒေါ်တင်တင်ရှိန်၊ ဦးသိန်းဦး ဒေါ်ခင်ခင်အေး၊ ဦးကျော်ဆွေသန်း – ဒေါ်မြင့်သိန်း (တပ်မတော်ဘောလုံးစက်ရုံ၊ မှော်ဘီ)၊ ဦးသိန်းငွေ (JSM Line)–ဒေါ်ခင်မြင့်၊ ဦးသိန်းထွန်းဆွေ – ဒေါ်အေးထွန်း၊ ဦးထွန်းအောင်လှိုင်၊ ဦးမြဝင်းမော် (Seasons Hotel)ဒေါ်မိုးမိုး၊ဦးခင်မောင်ဌေး (မြို့နယ်စည်ပင်၊ ဗိုလ်တထောင်) ဒေါ်ခင်ခင်လေးတို့၏မိခင်၊ မြေး၁၀ယောက်တို့၏အဘွားသည် ၃၁–၅–၂၀၀၄ရက် နံနက်၁၀နာရီတွင် ကွယ်လွန်ပါ၍ ၂–၆–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီး သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်စိုးနိုင်

အသက်(၃၃)နှစ်

(တာမွေ)

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ အမှတ်–၂၈ရပ်ကွက်၊ သခင်အုန်းခင်လမ်း၊ အမှတ်–၂၉နေ ဦးလှမြင့်(ဆသရ–ငြိမ်း)–ဒေါ်စန်းမြင့်တို့၏သား၊ ဦးတင်ရွှေ–(ဒေါ်တင်တင်ဝင်း)တို့၏တူ၊ မတင်တင်လှ၊ မသီတာမြင့်၊ မအေးမြတ်သူ၊ မသွယ်သွယ်ချို၊ မထက်ထက်အောင်၊ မနှင်းယုဝေတို့၏အစ်ကိုသည် ၃၁–၅–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင်ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရွှေကမ္ဘာ အဆင့်မြင့်အိမ်ရာစီမံကိန်း အပိုင်း(၁) ဖွင့်ပွဲအခမ်းအနား တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၃၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေးကုမ္ပဏီတို့ အကျိုးတူ ပူးပေါင်းတည်ဆောက်ပြီးစီးသည့် ရွှေကမ္ဘာအဆင့်မြင့်အိမ်ရာစီမံကိန်း အပိုင်း(၁) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းပေါ်ရှိ အဆိုပါ အိမ်ရာစီမံကိန်း ရှေ့မျက်နှာစာ၌ ကျင်းပရာ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသားဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ လူမှုရေး

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မေ ၃၀ ရက်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရွှေကမ္ဘာ မောင်မောင်ဆောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်း တည်ဆောက်သည့် မင်းဓမ္မလမ်းပေါ်ရှိ ရွှေကမ္ဘာ အဆင့်မြင့်အိမ်ရာစီမံကိန်း အပိုင်း(၁) ဖွင့်လှစ်ခြင်း အခမ်းအနားအပြီးတွင် ရွှေကမ္ဘာအိမ်ရာများကို လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံ အစုအဖွဲ့များအစည်းအဝေး ဆက်လက်ကျင်းပ
အကြံပြုဆွေးနွေးချက်စာတမ်းများ ဖတ်ကြားဆွေးနွေးတင်ပြ

ရန်ကုန် မေ ၃၁

အမျိုးသားညီလာခံအစုအဖွဲ့များဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ဆက်လက်ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြို(ခေါ်)ခမီ အမျိုးသားညီညွတ်ရေးပါတီမှ ဦးစံသာအောင်နှင့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့ (၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြူတင့်ကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်ကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့တက်ရောက်သည့် ညီလာခံကိုယ်စားလှယ် ရာခိုင်နှုန်းအားဖြင့် ၈၆ ဒသမ ၆၇ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ☆

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

လက်တွဲ ဝန်းရံ အမျိုးသား ညီလာခံ

ယနေ့ထုတ် ဆောင်ရေ ၁၉၇၀၆၀